


# မဂ်ဉာဏ်ရမှတင်းတိမ်ကြပါ

## အနှစ်နှင့်အကာ

(၂၅၇)

ဟောကြားသည့်နေ့
၂ – ၁ – ၁၉၆၁

ကျေးဇူးတော်ရှင်မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၃၉) မှ ထုတ်နုတ်ပုံနှိပ်ပါသည်။

0327

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မန္တလေးမြို့၌ ဟောကြားတော်မူသော တရားတော်

# မဂ်ဉာဏ်ရမှ တင်းတိမ်ကြပါ

(အနှစ် နှင့် အကာ)

THITSARPARAMI LIBRARY
Date ..........

ဟောကြားသည့်နေ့

( ၂-၁-၁၉၆၁ )

စာမူခွင့်ပြုချက်အမှတ် - ၂၄/၉၈ (၁၁)
အဖုံးခွင့်ပြုချက်အမှတ် - ၃၃/၉၈ (၁၁)

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြဲ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေး အဖွဲ့ချုပ်။
အမှတ်-၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း-၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း (မြဲ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ်-၈၄/၈၆၊ လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားတော်မူသော တရားတော်

# မဂ်ဉာဏ်ရမှ တင်းတိမ်ကြပါ

## (အနှစ် နှင့် အကာ)

ဟောကြားသည့်နေ့ (၂-၁-၁၉၆၁)

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးက အနှစ်ရွေးတတ်ဖို့၊ သစ်ပင်တစ်ပင်မှာ အနှစ်ရွေးတတ်ဖို့ အရေးကြီးသလို အနှစ်ရွေးတတ်ဖို့ အရေးကြီးတယ်ဆိုတဲ့ အကြောင်းကို သာရော ပမသုတ်ဆိုပြီး ဟောတော်မူတယ်. . . (မှန်ပါ)။

သစ်ပင်တစ်ပင်မှာ ကိုယ်အလိုရှိတာက အနှစ်ကို အလိုရှိတယ်။ လှည်းဝင်ရိုးတို့ လှည်းထမ်းပိုးတို့ လုပ်ဖို့ဆိုတော့ အနှစ်မှလည်း ခိုင်ခံ့မှာကိုး. . . (မှန်ပါ)၊ အဲဒီအနှစ်ကို အလိုရှိလို့ တော

ထဲ အရှာသွားပြြားသော်လည်း အကိုင်းအခက်ကို အနှစ်ထင်ပြီး ပြန်ခဲ့ရင်လည်း ကိုယ်အလိုရှိတဲ့ အကျိုးကို ပြီးကြမယ်မဟုတ်ပါဘူး. . . (မပြီးပါဘုရား)၊ အပွေးကို အနှစ်ထင်ပြန်ရင်လည်း အလိုရှိတဲ့အကျိုးကို ပြီးပါ့မလား. . . (မပြီးပါဘုရား)။

## အနှစ်ကို အနှစ်မှန်းသိမှ အကျိုးပေးမယ်

အကာကို အနှစ်ထင်ပြန်ရင်လဲ. . . (မပြီးပါဘုရား)၊ အသားတွေကို အနှစ်ထင်ပြန်ရင်လဲ. . . (မပြီးပါဘုရား)၊ အနှစ်ကိုအနှစ်မှန်းသိမှ ကိုယ်အလိုရှိတဲ့ အကျိုးပေးမယ်တဲ့. . . (မှန်ပါ)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

အဲဒါကြောင့် . . . သာရောပမသုတ်ဆိုပြီး သကာလ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သေသေချာချာဟောတော်မူတယ်။ ဒါကြောင့် ဒကာ ဒကာမတို့ အနှစ်ကို သိဖို့ရန်နှင့် အနှစ်ကို ထုတ်ယူပြီးမှသာလျှင် ကိုယ်အလိုရှိတဲ့အကျိုးကို မုချပြီးစေနိုင်တယ် ဆိုပြီးသကာလ မူလပဏ္ဏာသ ပါဠိတော်မှာ ဟောထားတဲ့ တရားတော်ရှိတယ်။ဒကာကြွယ် သာရောပမသုတ်တော်တဲ့. . . (မှန်ပါ)၊ သာရောပမသုတ်ဆိုတာ သာရ+ဥပမာဆိုလိုရင်းပဲ၊ သာရက. . . အနှစ်၊ ဥပမာက . . . ဥပမာတဲ့၊ အနှစ်ကို ဥပမာထားပြီး ပြပါတယ်. . . (မှန်ပါ)။

## ဘာကြောက်စရာအကောင်းဆုံးတုံး

အားလုံး အခုတရားနာလာကြတဲ့ ဒကာ ဒကာမတွေမှာ ဘာကြောက်စရာအကောင်းဆုံးတုံးဆိုလို့ရှိရင်ဖြင့် ဒီဘဝက စုတိပြီး သကာလ သွားရလို့ရှိရင်ဖြင့် စုတိဒုက္ခပြီးရင် ပဋိသန္ဓေ ဒုက္ခဖြစ်မှာ သိပ်ကြောက်ရတယ်. . . (မှန်ပါ)။

စုတိဒုက္ခပြီးရင်. . . (ပဋိသန္ဓေဒုက္ခဖြစ်မှာသိပ်ကိုကြောက်စရာကောင်းပါတယ်)၊ ဘာကြောင့်တုံး. . . ဒုက္ခထဲက ထွက်ခွာပြီးသုခရရင် တော်သေးရဲ့ကိုးဗျ. . . (မှန်ပါ)၊ အခုတော့ ဒုက္ခက ထွက်ပြီး ဒုက္ခရမယ်ဆိုတော့ ဒကာကြွယ်ဘယ်မှာတုံး၊ အမြတ်အစွန်းကထွက်တာ. . . (မထွက်ပါဘုရား)။

အဲဒါကြောင့် အခုတရားနာလာကြတဲ့ ပုဂ္ဂိုလ်များ ကုသိုလ်ရရုံကလေးဆိုတဲ့ စိတ်ထားနဲ့မနာဘဲ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မရ-ရအောင် အားထုတ်ပြီးအရကိုပဲ ငါတို့ယူမဟဲ့ဆိုတဲ့ စိတ်ကိုဖြင့် တွေးမိအောင်တွေးကြပါ. . . (မှန်ပါ)၊ ကုသိုလ်ရရုံကလေးဆိုရင် ဓမ္မသာဝနကုသိုလ်ကလေးနဲ့တင် တင်းတိမ်ပြီးသကာလ မနေကြပါနဲ့ ဆိုလိုတာကိုလည်း မှာရတယ်. . . (မှန်ပါ)။

## လှူဒါန်းတာနဲ့၊ တင်းတိမ်မနေနဲ့

အခု ဒကာ ဒကာမတွေ လောကီဥပမာ ပြကြပါစို့ရဲ့၊ သူများလုပ်သလို လုပ်လို့ ပစ္စည်းဥစ္စာရတနာတွေ ပေါများလာကြတယ်၊ အသင့်အတင့်လည်း ပေးနိုင်ကမ်းနိုင်ကြတယ်။ အဲဒါနဲ့

တော်လောက်ပြီလို့ တင်းတိမ်ပြီးမနေကြပါနဲ့။ ဇာတိ ဇရာ မရဏမှ ထွက်မြောက်အောင်လုပ်ကြပါ. . . (မှန်ပါ)၊ တော်တော်လည်း တို့မှာ လူချင်းတူလာပြီ၊ ပေးနိုင် ကမ်းနိုင်လည်းရှိလာပြီ. . .၊ တော်လောက်ပါပြီ၊ သူတစ်ပါးလည်း ချီးမွမ်းခံရပါပြီ. . .၊ သူတို့ ကိုယ့်ဒူးကိုယ်ချွန် ရှာလိုက်တာ ဒီအခြေအနေ ရောက်လာပြီလို့ ဒကာ ဒကာမတွေက ဒါလောက် လျှူရ တန်းရတာကလေးနဲ့ တင်းတိမ်နေဖို့မကောင်းဘူး. . . (မှန်ပါ)။

ဒါဖြင့် သာမညနဲ့ ကိုယ့်ဟာကလေးကို ချီးမြှောက်ပြီး သကာလ ကိုယ့်ဟာလေးအနေနဲ့ ကိုယ်တော်လောက်ပြီလို့ဆိုပြီး သကာလ မနေလိုက်ပါနဲ့. . . (မှန်ပါ)၊ နောက်ကျလာတဲ့အခါ ကျလို့ရှိရင် ကိုယ့်မှာ ဇာတိ ဇရာ မရဏမှ လွတ်ဖို့ရာအရေးကို သာ အကြီးဆုံးထားပြီးသကာလ သြော်. . . ငါတို့ဖြင့် သီလကလေး နဲ့ ပြည့်စုံပြီ၊ သေပျော်နေပျော်ရှိပြီလို့လည်း ဒကာ ဒကာမတို့ တင်း တိမ်ပြီးမနေလိုက်ပါနဲ့. . . (မှန်ပါ)၊

## သီလလောက်နဲ့ တင်းတိမ်မနေနဲ့

သီလကလေးလောက်နဲ့. . . (တင်းတိမ်ပြီးမနေပါနဲ့)၊ လူ တန်းစေ့ရုံနဲ့လည်းတင်းတိမ်မနေပါနဲ့၊သီလပြည့်စုံရုံနဲ့လဲ. . . (တင်းတိမ်မနေပါနဲ့)၊ သမာဓိကလေး ပြည့်စုံပြီဆိုပြီး သကာလ သမာဓိစခန်းတော့ဖြင့် တို့ တော်တော်နေရာကျပေါ့လို့လည်း

တင်းတိမ်မနေလိုက်ပါနဲ့။ ဇာတိ ဇရာ ဗျာဓိ မရဏ သောက ပရိဒေဝ မလွတ်သေးပါဘူး. . . (မှန်ပါ)။

ဒါကြောင့် မတင်းတိမ်သင့်တာကို တင်းတိမ်မှာစိုးတဲ့အတွက် အနှစ်မဟုတ်တာကို အနှစ်လုပ်ယူမှာစိုးတဲ့အတွက် ကိုယ်တော်မြတ်ကြီးက သာရော်ပမသုတ်ကိုဟောပါတယ်. . . (မှန်ပါ)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

(၁) ဒါဖြင့် လူချင်းအတူတူ ပေးနိုင်ရဲ့ ကမ်းနိုင်ရဲ့မှုနဲ့လည်း တင်းတိမ်မနေပါနဲ့၊ ၁-နံပါတ်က နော်. . . (မှန်ပါ)။

(၂) သီလ လုံခြုံရုံနဲ့လဲ. . . (တင်းတိမ်မနေပါနဲ့)။

(၃) သမာဓိကလေး တည်ကြည်တာမျှနဲ့လဲ. . . (တင်းတိမ် မနေပါနဲ့)။

(၄) အမြင်အထင် ဒိဗ္ဗစက္ခုအဘိညာဉ်စသည်တို့ကို ရတာမျှနဲ့လည်း. . . (တင်းတိမ်မနေပါနဲ့)။

(၅) အေး. . . ဒါဖြင့် ဒီလိုလုပ်ကြတော့၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရမှ တင်းတိမ်ကြပါ. . . (မှန်ပါ)၊ သဘောကျပါပလား. . . (ကျပါပြီဘုရား)။

ပြန်ပြောပါဦးမယ် ဒကာ ဒကာမတို့ လူချင်း သူချင်း တူတူနေနိုင်ထိုင်နိုင်ပြီး ထိုက်တန်သလောက် ပေးနိုင်ကမ်းနိုင်တာနဲ့လည်း တင်းတိမ်မနေပါနဲ့. . . (မှန်ပါ)။

သီလကို ဆောက်တည်နိုင်ပြီးသကာလ ဖြူဖြူစင်စင်နေနိုင်တာနဲ့လဲ. . . (တင်းတိမ်မနေပါနဲ့)။

စက္ခု စတဲ့ အထင်ပေါက် အမြင်ပေါက်နဲ့ တင်းတိမ်မနေပါ နဲ့။

## မဂ်ဉာဏ်ရမှ တင်းတိမ်ကြပါ

အေး. . . ဒါကြောင့် ဒကာ ဒကာမတို့ မဂ်ဉာဏ်ဖိုလ် ဉာဏ် နိဗ္ဗာန်ကို အာရုံ ပြုနိုင်တဲ့ ဉာဏ်ရလာမှ တင်းတိမ်ကြပါလို့ ပြောလိုက်တယ်. . . (မှန်ပါ)။

သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာဘုရားသခင်ကိုယ်တော်မြတ်ကြီး သီတင်းသုံးနေတဲ့အခါ ပိဋကလကောဝ္စဆိုတဲ့ ပုဏ္ဏားက အရှင်ဘုရား. . . လောကကြီးထဲမှာ မက္ခလိဂေါသာလ၊ ပူရဏကဿပ၊သိဥ္စည်း စတဲ့ ဆရာကြီးတွေ ဘုရားလုပ်ပြီးသကာလ နေကြတာ အချို့လည်း သိတယ်လို့ ပြောကြတယ်၊ အလုံးစုံကို အချို့လည်း မသိဘူးလို့ ပြောကြတယ်ဘုရား၊ အဲဒါ ဘယ်လို မှတ်ရမှာတုံးဆိုတဲ့ အဓိပ္ပာယ်မျိုးတွေကို သူက မေးလျှောက်တယ်. . . (မှန်ပါ)။

## ဘယ်ဟာကိုအမှန်ယူရမလဲ

ဘုရားမပွင့်ခင်က ဘုရားတွေက သိပ်များတယ်၊ ဘုရားပွင့်လာတော့လည်း တိတ္ထိဂိုဏ်းဆရာကြီးတွေ ဘုရားအမည်ခံနေတာ တွေ့ရှိကြတယ်. . . (မှန်ပါ)၊ အဲဒီဘုရားတွေပုံစံထားပြီး

သကာလ ပိဋကလောစ္ဆပုဏ္ဏားက မေးလိုက်တယ်. . . (မှန်ပါ)၊ အချို့ကလည်း အလုံးစုံ အကုန်သိတယ် ပြောကြတယ်၊ အချို့ကလည်း မသိဘူးလို့ ပြောကြတယ်။ အဲဒီတော့ ဘယ်ပုဂ္ဂိုလ်အတည်ပြုပြီး ဘယ်ပုဂ္ဂိုလ် ကိုးကွယ်ဆည်းကပ်ပြီး ဘယ်ဟာကို အမှန်ယူရပါလိမ့်မလဲလို့ လျှောက်တော့ ပုဏ္ဏားမေးတာတွေကို ဘုရားက မဖြေဘူး။ ငါ ဟောတဲ့တရားကို မင်း နားထောင်ပါ. . . (မှန်ပါ)။

ဟိုဟာတွေက ဖြေစရာမှ မရှိဘဲ. . . (မှန်ပါ)၊ နဂိုကတည်းက ဘုရားမဟုတ်ဘဲနဲ့ ဘုရားလုပ်ပြီးသကာလ နေကြတာတွေ. . . အလုံးစုံမသိဘဲနဲ့ သိတယ်လို့ တာဝန်ခံပြီး နေကြတာတွေ ဖြစ်ပါတယ်. . . (မှန်ပါ)။

## အနှစ်လိုချင်လို့ တောထဲသွားတယ်

(၁) အဲဒီတော့ ဘုရားက. . . တောထဲကို လူတစ်ယောက်သွားတယ်ကွာတဲ့၊ အနှစ်ကို လိုချင်လို့သွားတယ်. . . (မှန်ပါ)၊ အနှစ်လိုချင်တာနဲ့ ဓားမ,ကိုင်ပြီး တောထဲမှာသွားပြီး ဖြောင့်တဲ့ အပင်ကြီးကို သွားခုတ်တယ်။ အကိုင်းအခက်တွေကို ခုတ်ပြီး သူဟာ လှည်းဝင်ရိုးလုပ် ထမ်းပိုးလုပ်ဖို့ဆိုပြီး ပြန်သွားတယ်. . . (မှန်ပါ)။

အဲဒီတော့ ဘေးက သိကြားလိမ္မာတဲ့ ပုဂ္ဂိုလ်က ဘယ်လို

တွေးလိုက်သတုံးဆိုတော့ ဩော်. . . ဒီပုဂ္ဂိုလ်ဟာ အနှစ်လိုချင်လို့ တောထဲလာလိုက်တဲ့ဥစ္စာ အနှစ်မရဘဲနဲ့ အကိုင်းအခက်တွေထမ်းပြီးသကာလ ပြန်သွားတဲ့အတွက် အိမ်ကျတော့လည်း လှည်းဝင်ရိုးလုပ်လည်း လှည်းဝင်ရိုးတော့ဖြင့် သူ အထမြောက်တော့မှာ မဟုတ်ဘူးလို့၊ သိကြားလိမ္မာတဲ့ ပုဂ္ဂိုလ်ကတော့ ဒီလိုအပြစ်တင်မှာပဲ. . . (မှန်ပါ)၊ မတင်ပေဘူးလား. . . (တင်ပါမယ်ဘုရား)။

## (၁) အကိုင်းအခက်ထမ်းပြီးပြန်တဲ့ပုဂ္ဂိုလ်

အနှစ်အလိုရှိလို့ လာတာ ဒကာ ဒကာမတို့၊ အကိုင်းအခက်ထမ်းပြီး ပြန်သွားတယ်ဆိုကတည်းက လိုရာကိစ္စပြီးမြောက်ခြင်းသို့ ရောက်ပါ့မလား. . . (မရောက်ပါဘုရား)။

ဒကာ ဒကာမတို့လည်း ဒီအတိုင်းပဲ. . . ၊ သံသရာကြီးထဲမှာ အပါယ်က တက်လာတဲ့ ပုဂ္ဂိုလ်တွေကများတော့ ငရဲက တက်လာတဲ့အခါ ငါတို့သည် လူ့ပြည်မှာ ဘုရားသာသနာနဲ့၊ ဆရာကောင်း သမားကောင်းနဲ့ တွေ့လို့ရှိရင်ဖြင့် ဇာတိ ဇရာ မရဏတွေမှ လွတ်ရာ ကျွတ်ရာကို ကြိုးစားပါတော့မယ်၊ အနှစ်သာရဖြစ်တဲ့တရား ယူပါတော့မယ်ဆိုပြီးသကာလ တက်လာခဲ့ငြားသော်လည်း လူ့ပြည်ရောက်တဲ့အခါကျလို့ရှိရင်ဖြင့် အနှစ်မသိဘဲနဲ့ ဖြစ်ပြီးသကာလနေတော့ သူများလုပ်သလိုလုပ်၊သူများကိုင်သလိုကိုင်ပြီး စီးပွားရေးကလေး အတော်အတန်ဖြောင့်

ကိုယ်က ကားကလေးဘာကလေးနဲ့ နေနိုင်ပြီဆိုမှဖြင့် တော်သေး ရဲ့ဆိုပြီး ဒါလောက်နဲ့ တင်းတိမ်နေလို့ရှိရင်လည်း ဒကာ ဒကာမတို့ တောထဲမှာ အနှစ်ရှာတဲ့ ပုဂ္ဂိုလ်ဟာ အကိုင်းအခက် ထမ်းပြန်တာနဲ့ တူလိုက်လေခြင်း. . . (မှန်လှပါ)၊ သဘောကျ ပလား. . . (ကျပါပြီဘုရား)။

အနှစ်လာရှာတာ ဘာကိုထမ်းပြန်ပါလိမ့်. . . (အကိုင်း အခက် ထမ်းပြန်ပါတယ်ဘုရား)၊ ဒကာသစ်ရေ အနှစ်ကို ရသွား ရှာသလား. . . (မရပါဘုရား)။

ဒါဖြင့် အိမ်ကျတော့ သူဟာ လှည်းဝင်ရိုးတွေ၊ လှည်း ထမ်းပိုးတွေ လုပ်တဲ့အခါကျတော့ သူ့ကို ဒုက္ခပေးဖို့ ဖြစ်မှာ ပဲ. . . (မှန်ပါ)၊ တစ်နေရာမှာ ကျိုးရတော့မယ်. . . (ကျိုးမှာပါ ဘုရား)။

## လူ့ဖြစ်ကျိုးနပ်ပြီတဲ့

အဲဒီတော့ အနှစ်အလိုရှိလို့ လာငြားသော်လည်း အ ကိုင်းအခက်ထမ်းပြန်သလို ဒကာ ဒကာမတွေလည်း ကိုယ့်မှာ လူဖြစ်ကျိုးနပ်ပြီ၊ နေနိုင်ထိုင်နိုင်ရှိပြီ. . . လူဘုံအလယ်မှာ လူ တစ်လုံးဖြစ်ပြီ. . . တို့ ဘာပူစရာရှိတော့တုံးဆိုပြီး သကာလ အကိုင်း ထမ်းပြီးသကာလ မပြန်လိုက်ကြပါနဲ့၊ အနှစ်မဟုတ် သေးပါဘူး. . . (မှန်ပါ)၊ အနှစ်မဟုတ်သေးပါဘူး ဒကာ ဒကာမတို့၊ ဒါကို စဉ်းစားရမယ်. . . (မှန်ပါ)။

မိမိကိုယ်ကို ချီးမြှောက်တယ်၊ ဩော်. . . ငါဟာ ကိုယ့်ဒူးကိုယ်ချွန် လုပ်လာလို့ တော်လည်းတော်သေးရဲ့၊ သူများတကာ ဒီလို ကိုယ့်ဒူးကိုယ်ချွန် မလုပ်နိုင်တဲ့ ပုဂ္ဂိုလ်တွေနဲ့စာရင် တို့တော်သဟဆိုပြီး ကိုယ့်ကိုယ်ကိုယ် ချီးမြှောက်. . . သူတစ်ပါး နှိမ့်ချပြီးသကာလ ဒါနဲ့ အချိန်ကုန်ကြမယ်ဆိုရင် ဒကာကြွယ် အကိုင်းထမ်းပြန်ချင်လို့. . . (မှန်လှပါဘုရား)၊အနှစ်ရပ့်မလား. . . (မရပါဘုရား)၊ မနစ်နာဘူးလား. . . (နစ်နာပါတယ်ဘုရား)၊ အနှစ်နေရာမှာ သုံးလိုက်မယ်ဆိုတော့ သုံးလို့ ဖြစ်သေးရဲ့လား. . . (မဖြစ်ပါဘုရား)။

## ကိုယ့်ဟာနဲ့ကိုယ်တင်းတိမ်နေလို့

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေလည်း အခုတော့ စီးပွားရေးထိုက်တန်သလောက် အချို့လည်း ကောင်းကြ၊ အချို့လည်း မကောင်းကြဘူး. . . (မှန်ပါ)၊ ကောင်းကြတဲ့ ပုဂ္ဂိုလ်က ဤမျှလောက် လူ့ဘုံအလယ်မှာ ဒါလောက်တင့်တင့်တယ်တယ် ဖွယ်ဖွယ်ရာရာ ကားနဲ့တိုက်နဲ့တာနဲ့ အရင်းအနှီးနဲ့ နေနိုင်တယ်ဆိုရင်ဖြင့် လူ့အောက်တော့ မကျဘူး၊ တော်သေးရဲ့လား. . . ဆိုပြီး သကာလ မိမိကိုယ်ကို ချီးမြှောက်။သူတစ်ပါး ဒီလိုမှ မဖြစ်လို့ မနည်းအားထုတ်နေရ တယ်ဆိုတာကို သူတစ်ပါး နှိမ့်ချပြီးသကာလ ကိုယ့်ဟာကလေးနဲ့ ကိုယ်တင်းတိမ်နေလို့ရှိရင်ဖြင့် အပါယ်က လာတုန်းကတော့ အနှစ်ရှာမလို့လာကြတာ. . .

(မှန်ပါ)၊ အနှစ်ရှာမလို့ လာကြတဲ့ဥစ္စာ ဒီကျတော့ အကိုင်းအခက် ထမ်းပြန်သွားတော့ လိုရာကိစ္စမပြီးတော့ ဇာတိ ဇရာ ဗျာဓိ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ လွတ်ပါ့မလား. . . (မလွတ်ပါဘုရား)၊ ဘယ့်နှယ့်ကြောင့် မလွတ်ပါလိမ့်မတုံးဆိုတော့ မတင်းတိမ် ကောင်းတာနဲ့ တင်းတိမ် ပြီးပြန်လို့. . . (မှန်ပါ)၊ အနှစ်ရမသွားလို့ပေါ့ဗျာ. . . (မှန်ပါ)ပေါ်ကျပလား. . . (ပေါ်ပါပြီဘုရား)။

ဘာမရလို့ပါလိမ့်. . . (အနှစ်မရလို့ပါဘုရား)၊ စဉ်းစားကြပါ၊ စဉ်းစားကြပါ ဒကာ ဒကာမတို့၊ သေပျော်ပြီလို့ ခင်ဗျားတို့က. . . လူတစ်လုံးဖြစ်ရင် သေပျော်ပါပြီတဲ့၊ ဒါကိုလည်း သုံးလေ့နှုန်းလေ့ရှိကြတယ်နော်. . . (မှန်ပါ)၊ အဲဒီလောက်နဲ့လည်း တင်းတိမ်ပြီးသကာလ မနေပါနဲ့လို့ဆိုတာ ၁-နံပါတ်ပြောလိုက်တယ်. . . (မှန်ပါ)။

## (၂) အခေါ့ထမ်းပြီးပြန်တဲ့ ပုဂ္ဂိုလ်

(၂) တစ်ယောက်သောပုဂ္ဂိုလ်ကတော့လည်းဒကာသစ်ရေ တောထဲဝင်လာပြီး သကာလ အနှစ်ရှာလာတဲ့ ဥစ္စာ အပွေးတွေ ခုတ်ပြီးသကာလ ဒါကို လှည်းဝင်းရိုးလှည်းထမ်း ပိုးလုပ်မယ်ဆိုပြီးသကာလ ပြန်သွားတော့ အနှစ်သိတဲ့ ပုဂ္ဂိုလ်က. . . ဩော်. . . ဒီလူဟာ အနှစ်ရှာလာတာ အပွေးတွေထမ်းပြန်သွားတယ်၊ အိမ်ကျတော့ သူဟာ လှည်းဝင်ရိုးလုပ်မယ်၊ လှည်းထမ်းပိုးလုပ်မယ် ဆိုလို့ရှိရင်ဖြင့်. . . ကောင်းကောင်းကြီး

ဒုက္ခဖြစ်ချေရဲ့လို့ မျက်စိမြင်တဲ့ပုဂ္ဂိုလ်က အနှစ်သိတဲ့ ပုဂ္ဂိုလ်ကတော့ မပြောပေဘူးလား. . . (ပြောပါတယ်)၊ အဲဒီတော့ ပြောတဲ့အတိုင်းလည်း သူ ဒုက္ခရောက်မှာ မသေချာဘူးလား. . . (သေချာပါတယ်)၊ နို့ သူကလည်း ဘာမသိတာတုံး ဆိုတော့ အနှစ်ကို မသိတာ. . . (မှန်ပါ)။

ဒုတိယပုဂ္ဂိုလ်ကလည်း ဘာမသိတာတုံး. . . (အနှစ်မသိတာပါဘုရား)၊ အနှစ်မသိဘဲဖြစ်နေတယ်ဆိုတာ သေချာပလား. . . (သေချာပါပြီဘုရား)။

## သီလလေးနဲ့တင်းတိမ်နေတယ်

ဒီမှာလည်း ထို့အတူပဲတဲ့၊ ငါတို့သည် အပါယ်က တက်လာတုန်းကတော့ ဇာတိ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿတို့ လွတ်ရာ ငြိမ်းရာ သိမ်းရာပဲ ကြိုးစားပါတော့မယ်ဆိုပြီး တက်လာပြီး သီလကလေးနဲ့ တင်းတိမ်ပြီး တို့တော့လေ. . . အသက်အရွယ်လည်း ကြီးလာတော့ လေးသီတင်း ရှစ်သီတင်းနဲ့ပဲ နေရတယ်၊ ဒါလောက်ဆိုရင် သေပျော်ပြီလို့ ဆိုရင်ဖြင့် ဇာတိ ဇရာ ဗျာဓိ မရဏတို့က လွတ်ပါ့မလား. . . (မလွတ်ပါဘုရား)၊ မလွတ်သေးတော့ ခုနကပြောတဲ့ အပွေးထမ်းပြီး ပြန်သွားတဲ့ ပုဂ္ဂိုလ်နဲ့ တူလေရဲ့. . . (မှန်ပါ)၊ ဘုရားက ပိဂ်လကောစ္ဆပုဏ္ဏားကိုဟောတာ-အပွေးထမ်းပြီး ပြန်သွားတဲ့ ပုဂ္ဂိုလ်နဲ့

တူလေရဲ့တဲ့. . . (မှန်ပါ)၊ အပွေးထမ်းပြန်သွားတော့ လှည်းလုပ်ဖို့ကိစ္စတွေပြီး ပါ့မလား. . . (မပြီးပါဘုရား)၊ မလိုဘူးလား ဗျာ. . . (လိုပါတယ် ဘုရား)၊

## လွတ်ရေးကျွတ်ရေးဝေးသေးတယ်

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ သီလအထက်တက်ဖို့ရာ ရှိသေးတဲ့ ဥစ္စာ သီလကလေးနဲ့ဖြင့် တင်းတိမ်နေလို့ရှိရင် ဘုရားက အပွေးထမ်းပြန်သွားတဲ့ပုဂ္ဂိုလ်နဲ့ တူသကွာ. . . တဲ့(မှန်ပါ)၊ ခုနက အကိုင်းအခက်ကလေးတွေ ထမ်းပြန်သွားတဲ့ ပုဂ္ဂိုလ်ထက်တော့ သာတာပေါ့ဗျာ. . . (မှန်ပါ)၊ သာပေမယ့် လိုရာကိစ္စပြီးပါရဲ့လား. . . (မပြီးပါဘုရား)၊ ဇာတိ ဇရာ ဗျာဓိ မရဏ သောက ပရိဒေဝ ဒေါမနဿတို့ လွတ်ရေးကျွတ်ရေးက ဝေးနေတယ်. . . (မှန်ပါ)၊ မဝေးဘူးလား. . . (ဝေးပါတယ်ဘုရား)။

အဲဒါကြောင့် အပွေးထမ်းပြန်သွားတဲ့ ပုဂ္ဂိုလ်နဲ့ တူသကွာတဲ့. . . နောင်ကို လှည်းလုပ်လိုက်တဲ့အခါကျလို့ရှိရင်ဖြင့် ဒုက္ခလှလှကြီး ရောက်တော့မယ်. . . (မှန်ပါ)၊ မရောက်ပေဘူးလား. . . (ရောက်ပါတယ်)၊ အဲဒါ မျက်စိမြင်တဲ့ ပုဂ္ဂိုလ်က ဒီလိုပြောပါတယ်ကွတဲ့. . . ဘုရားက ပိဂ်လကောစ္ဆကို ဟောနေတယ်. . . (မှန်ပါ)။

## (၃) အကာထမ်းပြီးပြန်တဲ့ ပုဂ္ဂိုလ်

(၃) တစ်ယောက်သော ပုဂ္ဂိုလ်ကတော့ ဒကာသစ် တောထဲဝင်လာပြီးတော့ အနှစ်ရှာလာတယ်နော်. . . (မှန်ပါ)၊ သူက အနှစ်မှ မကွဲတဲ့ပုဂ္ဂိုလ်ဖြစ်တော့ သစ်ပင်ရဲ့ အကာတွေ ထမ်းပြီး သကာလ လှည်းထမ်းပိုး၊ လှည်းဝင်ရိုးလုပ်မယ်ဆိုပြီး ထမ်းပြန်သွားတော့ မျက်စိအမြင်ရှိတဲ့ ပုဂ္ဂိုလ်က မတွေးပေဘူးလား. . . (တွေးပါတယ်)၊ ဩော်. . . ဒီပုဂ္ဂိုလ်ဟာ အနှစ်နဲ့အကာမှ မကွဲရှာဘူး၊ အိမ်ကျလို့ လှည်းဝင်ရိုး၊ လှည်းထမ်းပိုး လုပ်ခဲ့သည်ရှိသော် သူ့အကျိုးမပြီးတဲ့အပြင် သူ ဒုက္ခရောက်ဖို့ ဖြစ်ရှာတော့မယ်မှ မတွေးပေဘူးလား. . . (တွေးပါတယ်)၊ ဒီလိုတွေးတဲ့ ပုဂ္ဂိုလ်က အနှစ်သိတဲ့ ပုဂ္ဂိုလ်ကိုးဗျ. . . (မှန်ပါ)၊ နို့. . . လုပ်ကြည့်တဲ့အခါကျတော့လည်း ဒကာသစ် ကိစ္စပြီးပါ့မလား. . . (မပြီးပါဘုရား)၊ မပြီးတဲ့အပြင် လုပ်တာသာပင်ပန်းပြီး နည်းနည်းကလေးလှည်းကို မောင်းကြည့်လိုက်တဲ့အခါမှာ ဒီအကာတွေက ဖျတ်ခနဲကျိုးသွားမှာပေါ့. . . (ကျိုးမှာပါဘုရား)၊ ဘယ်မှသာလျှင် ကိစ္စပြီးနိုင်ပါမလဲ. . . (မပြီးနိုင်ပါဘုရား)။

## သမထလောက်နဲ့ တင်းတိမ်မနေနဲ့

အဲ. . . မပြီးနိုင်တဲ့ အခြေအနေရောက်သွားတော့ အနှစ်သိတဲ့ ပုဂ္ဂိုလ်က ဒီပုဂ္ဂိုလ်က အကာကို အနှစ်ထင်ပြီး သွားလေရဲ့ကွာ. . . လို့ မဆိုပေဘူးလား. . . (ဆိုပါတယ်)၊ ဆိုရမှာပဲ. . .

(မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

အဲဒါ ဒကာ ဒကာမတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး က သမထလောက်နဲ့ တင်းတိမ်မနေနဲ့လို့ ဟောတာ. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီ)။

ဘာကို ဟောတာတုံး. . . (သမထလောက်နဲ့တင်းတိမ် မနေပါနဲ့လို့ ဟောလိုက်တာပါ)။

သမထဆိုတာမျိုးဟာ ဒကာ ဒကာမတို့ ခဏနဲ့ပျက်သွား နိုင်တယ်. . . (မှန်ပါ)၊ ဣသိဂ်ရသေ့တို့ ဝတ္ထုကို ထောက်ကြည့်ပါ လား. . . (မှန်ပါ)၊ ကောင်းကင်ပျံ မြေလျှိုးနိုင်ပြားသော်လည်း ငါး ပါးအာရုံကာမဂုဏ်နဲ့ တွေ့လိုက်တဲ့အခါကျတော့ ဝုန်းခနဲကျ တယ်. . . (မှန်ပါ)၊ ခိုင်မြဲပါရဲ့လား. . . (မခိုင်မြဲပါဘုရား)။

## ဒေဝဒတ်ကြီး

သမထနဲ့ မမြဲသေးဘူးဆိုတာ ဒေဝဒတ်ကြီး ထောက်ကြည့် လို့ရှိရင် ဘုရားလည်း ပြစ်မှားပြီးပါရော အဘိညာဥ်ငါးပါး အကုန် ပြုတ်ကျတယ်. . . (မှန်ပါ)၊ တန်ခိုးလည်း မဖန်ဆင်းနိုင်ဘူး၊ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတလည်း မရတော့ဘူး၊ ဣဒ္ဓိဝိဓလည်း မရ တော့ဘူး. . . (မှန်ပါ)၊ အရင် အဇာတသတ်ကို လာလာတရား ဟောနေတုန်းကတော့ ကောင်းကင်က ပျံလာပြီး လာလာပြီး တရားဟောနေတာ. . . (မှန်ပါ)၊ သမထတွေ ပျက်လွယ်ပုံက တော့ဖြင့် ဒကာကြွယ်ဘာမှ အထိမခံ ရွှေပန်းကန် အစိပ္ပာယ်

ရောက်နေတယ်. . . (မှန်ပါ)၊ မရောက်ဘူးလား. . . (ရောက်ပါတယ်ဘုရား)။

အဲဒါကြောင့် သမထကလေးလောက်နဲ့ တင်းတိမ်မနေနဲ့။ အကာကိုထမ်းပြီး ပြန်သွားတာပဲ. . . (မှန်ပါ)၊ ဘုရားက ပိဂ်လကောစ္ဆကို ဟောတော်မူတယ်၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## (၄) အသားထမ်းပြီးပြန်တဲ့ ပုဂ္ဂိုလ်

(၄)တစ်ယောက်သော ပုဂ္ဂိုလ်ကတော့ လာပြန်တယ်၊ တောထဲမှာ အနှစ်လာပြီးရှာတော့ ဖြောင့်တဲ့ သစ်ပင်ကြီးကို သူတွေ့တယ်၊ တွေ့တော့ ခုတ်ပြီး လှဲလိုက်တာပဲ။ လှဲလိုက်ပြီး သကာလ သူသည် လှည်းဝင်ရိုးလုပ်ဖို့ဆိုပြီးသကာလ အသားတွေထမ်းပြီး ပြန်သွားသကွာတဲ့. . . (မှန်ပါ)။ အသားတွေ ထမ်းပြန်သွားတော့ လှည်းဝင်ရိုးလုပ်တဲ့အခါကိစ္စ ကိုယ်လိုချင်သလို ပြီးပါ့မလား. . . (မပြီးပါဘုရား)၊ အသားဆိုပေမယ့် အနှစ်လောက်တော့ ခိုင်ပါ့မလား. . . (မခိုင်ပါဘုရား)။

မျက်စိအမြင်ရှိတဲ့ ပုဂ္ဂိုလ်က အနှစ်သိတဲ့ ပုဂ္ဂိုလ်ကတော့ ပြောမှာပဲ. . . (မှန်ပါ)၊ ဒကာကြွယ် မပြောပေဘူးလား. . . (ပြောပါတယ်ဘုရား)၊ ဦးလှဖူး ပြောလိမ့်မယ်နော်. . . (ပြောပါ့ဘယ်ဘုရား)၊ ဩော်. . . ဒီပုဂ္ဂိုလ်ဟာ တောထဲအနှစ်လာပြီး ရှာငြားသော်လည်း အနှစ်နဲ့အသား မကွဲပြားဘဲဖြစ်ပြီး သကာလ နေ

သောကြောင့် အသားထမ်းပြီး ပြန်သွားတယ်၊ လှည်းအလုပ်ကို လုပ်ရှာတော့မယ်. . . (မှန်ပါ)၊ သွားရမှာပဲ၊ ဒုက္ခဖြင့် မကြာခင် ဖြစ်ရှာတော့မယ်လို့ မတွေးပေဘူးလား. . . (တွေးပါတယ်)၊ ဒကာသစ် ဒါဟာ ဘာကိုသိတဲ့ ပုဂ္ဂိုလ်က ပြောတာပါလိမ့်. . . (အနှစ်သိတဲ့ပုဂ္ဂိုလ်က ပြောတာပါဘုရား)၊ အနှစ်သိတဲ့ ပုဂ္ဂိုလ်က ပြောတာဆိုတာ ရိပ်မိကြပလား. . . (ရိပ်မိပါပြီ)။

## အဘိညာဉ်ရရုံနဲ့ တင်းတိမ်မနေနဲ့

အဲဒါက ဒကာ ဒကာမတို့ ဒိဗ္ဗစက္ခုစတဲ့ အဘိညာဉ်ငါးပါး အဘိညာဉ်ရရုံနဲ့- လောကီစျာန်ပေါ့ဗျာ. . . (မှန်ပါ)၊ တင်းတိမ် မနေပါနဲ့ဆိုတာ ပြောလိုက်တယ်. . . (မှန်ပါ)၊ အဲ. . . ဒေဝဒတ် တို့လို ပုဂ္ဂိုလ်တွေပေါ့ဗျာ. . . အဘိညာဉ်စျာန် ရပြီးသား ပျက်စီးသွားတာတွေက မရှိဘူးလား. . . (ရှိပါတယ်ဘုရား)၊ ကြွသိဂ်ရသေ့တို့လို မရှိဘူးလားဗျာ. . . (ရှိပါတယ်ဘုရား)၊ မြဲရဲ့လား. . . (မမြဲပါဘုရား)၊ တော်တော်ကြာကျိုးတာပဲ, . . (ကျိုးပါတယ်ဘုရား)၊သဘောကျကြပလား. . . (ကျပါပြီဘုရား)။

## (၅) အနှစ်ထမ်းပြီး ပြန်တဲ့ပုဂ္ဂိုလ်

(၅) ကိုင်း. . . ဒါနဲ့ တစ်ယောက်သော ပုဂ္ဂိုလ်က အနှစ်လို ချင်တာနဲ့ ဖြောင့်တဲ့ သစ်ပင်ကြီးလှဲပြီးသကာလ အကိုင်းတွေပယ်၊ အပွေးတွေပယ်၊ အကာတွေပယ်၊ အသားတွေပယ်ပြီး အနှစ်ကြီး

ယူသွားတယ်. . . (မှန်ပါ)၊ ယူသွားတဲ့အခါကျတော့ မျက်စိမြင်တဲ့ ပုဂ္ဂိုလ်က ပြော်. . . ဒီလိုပုဂ္ဂိုလ်ဟာ အနှစ်အလိုရှိလို့လာတာ အနှစ်သိပါပေရဲ့လို့ မဆိုပေဘူးလား. . . (ဆိုပါတယ်)၊ သူ့ကိုကော မချီးမွမ်းထိုက်ဘူးလား. . . (ချီးမွမ်းထိုက်ပါတယ်)၊ နဂိုက အလိုရှိတာ ဘာပါလိမ့်. . . (အနှစ်ပါဘုရား)၊ အနှစ်အလိုရှိတော့ သူထမ်းပြန်တာကလည်းဘာပါလိမ့်. . . (အနှစ်ပါဘုရား)၊ အနှစ်ပဲ ထမ်းပြန်သွားတယ်ဆိုတာ သဘောကျပလား. . . (ကျပါပြီ)။

အဲ. . . ပိဂ်လကောစ္ဆ. . . တဲ့၊ အနှစ်ဆိုတာ ငါဘုရားသာသနာတော်မှာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုဆိုလိုတာပေါ့. . . တဲ့ . . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီ)။

## အနှစ်ဆိုတာ ဘာပါလိမ့်

အနှစ်ဆိုတာ ဘာပါလိမ့်. . . (မဂ်ဉာဏ်ဖိုလ်ဉာဏ်ပါဘုရား)၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကတော့ ဒကာ ဒကာမတို့ ဘယ်အခါကာလမှ မပျက်တော့ဘူး. . . (မှန်ပါ)၊ မဂ်တစ်ကြိမ် ပေါ်ပြီးတယ်ဆိုလို့ရှိရင် ဒီသောတာပတ္တိမဂ်အတွက်နဲ့ အပါယ်လေးပါးတံခါးပိတ်ပြီး ယုတ်ညံ့တဲ့ ခြောက်နေရာတွေမဖြစ်ဘဲနဲ့ သုဂတိကနေပြီး နိဗ္ဗာန်ကူးတယ်ဆိုတော့ ပျက်သေးရဲ့လား. . . (မပျက်ပါဘုရား)၊ အထက်မဂ်တွေကျလာပြန်တော့ ထို့အတူပဲ သူ့မဂ်စဉ်နဲ့ သူ့မဂ်စဉ်အတိုင်း သွားလိုက်ပြီး သကာလ အရဟတ္တ

မဂ်တိုင်အောင် ရောက်ပြီဆိုမှာဖြင့် နောက်ဘဝ ပဋိသန္ဓေတောင် လာသေးရဲ့လား. . . (မလာပါဘုရား)။

အဲ. . . ဒီအလုပ်မျိုးလုပ်တဲ့ပုဂ္ဂိုလ်ကတော့ တောထဲလာပြီး အနှစ်ကိုယူပြီးသကာလ ဒိပြင်ဟာတွေအကုန်ပယ်ပြီး သကာလ အနှစ်ထမ်းပြန်သွား တဲ့ ပုဂ္ဂိုလ်နဲ့ တူသကွတဲ့၊ဟ. . . သူကတော့ ဇာတိ ဇရာ ဗျာဓိ မရဏမှ လွတ်ချင်လို့ လာတာလွတ်ရာကို ကြိုးစားသွားတယ်. . . (မှန်ပါ)။

ဇာတိ ဇရာ ဗျာဓိ မရဏမှ လွတ်ချင်လို့လာတာ. . . (လွတ်ရာကို ကြိုးစားသွားပါတယ်)၊ လွတ်ရာကြိုးစားသွားတဲ့အတွက် အနှစ်ရှာလာတဲ့အတိုင်း အနှစ်ထမ်းပြန်သွားလို့ရှိရင်ဖြင့် သူလိုရာကိစ္စ ပြီးသလို ဦးလှဖူးရေ. . . အနှစ်ယူမှုကိစ္စ မပြီးသေးဘူးလား. . . (ပြီးပါတယ်ဘုရား)။

အဲ. . . ဒီမှာလည်း သာသနာတွင်းဖြစ်တဲ့အတွက် အနှစ်ရှာကြတဲ့ ဒကာ ဒကာမတွေ ဖြစ်နေတော့ အနှစ်ထမ်းပြန်ရင် ကောင်းကြလိမ့်မယ်ဆိုတဲ့အကြောင်းကိုလည်း ဘုရားက ဟောပါတယ်. . . (မှန်ပါ)၊ သဘောပါကြပလား. . . (ပါပါပြီဘုရား)။

## အနှစ်ရမှ အေးကြမယ်

ဘာရမှ အေးကြမှာတုံး. . . (အနှစ်ရမှ အေးကြမှာပါဘုရား)၊ အနှစ်ရှာတာ အနှစ်ရမှ အေးကြမယ်ဆိုတာ သဘောပါကြပလား. . . (ပါပါပြီ)၊ ကျန်တာတွေက အကိုင်းအခက်

ကတော့ လိုရာမပြီးသေးပါဘူး. . . (မှန်ပါ)၊ အပွေးကလဲ. . . (လိုရာမပြီးသေးပါဘုရား)၊ အသားကလဲ. . . (လိုရာမပြီးသေးပါဘုရား)။ အနှစ်အစစ်မှ လိုရာကို ပြီးစေနိုင်မယ်ဆိုတာ ဦးဘအုန်းတို့ ကျေကျေနပ်နပ်သဘောကျပါ. . . (မှန်လှပါဘုရား)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

## ပိဋကလကောဍ္ဍပုဏ္ဏားဖြစ်ပုံ

အဲဒီတော့ အနှစ်ဆိုတာ သိဖို့ရာလည်း ခုနက ပိဋကလကောဍ္ဍပုဏ္ဏားဖြစ်ပုံ ကြည့်စမ်း ဒကာ ဒကာမတို့၊ ဟိုဟာတွေလည်း ဘုရားတွေပဲထင်ပါရဲ့၊ ဒီဟာတွေလည်း ဘုရားတွေပဲ ထင်ပါရဲ့ဆိုတော့ အနှစ်တွေချည်း သူ့စိတ်ထဲထင်နေပုံရပါတယ်. . . (မှန်ပါ)၊ ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဘယ်သူဘုရား. . . ဘယ်ဟာ ဘုရားမဟုတ်ဘူးလို့ ငါမပြောလိုဘူး၊ တရားကိုသာနာ၊ အနှစ်အကာရွေးနည်း ဟောမယ်ဆိုပြီး ဟောတော်မူတယ်. . . (မှန်ပါ)။

အဲဒါ စူဠသာရောပမသုတ်လို့ ခေါ်တယ်၊ မဟာသာရောပမသုတ်ဆိုတာလည်း ရှိသေးတယ်၊ဒီသုတ်တွေဟာ ဒကာကြွယ်. . . အနှစ်အကာ ရွေးချယ်နည်း ဟောကြားတော်မူတာပဲ. . . (မှန်ပါဘုရား)။

## လိုရာခရီးအပြီးတိုင်ရောက်ဖို့

ကိုင်း. . . ဘုန်းကြီးတို့ ဒကာ ဒကာမတွေသည် ကားလို့ ဆိုရင်ဖြင့် လိုရာခရီးအပြီးတိုင် ရောက်ဖို့ရာ အနှစ်ကိစ္စတော်တော် အရေးမကြီးဘူးလား. . . (ကြီးပါတယ်ဘုရား)၊ အနှစ်ကိစ္စ အရေးကြီးတော့ အနှစ်ရှာကြည့်တော့. . . (မှန်ပါ)၊ ဦးဘအုန်း ဘာရှာကြမှာပါလိမ့်. . . (အနှစ်ရှာကြမှာပါဘုရား)၊ အနှစ်ရှာကြရလိမ့်မယ်နော်. . . (မှန်ပါ)။

အနှစ်ရှာတယ်ဆိုတဲ့ဥစ္စာက အနှစ်ရတော့ ဥပမာ. . . မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေ ရကြပြီး ဝိပဿနာဉာဏ်ကနေပြီး မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေ တက်သွားကြပြီဆိုမှဖြင့် ပဋိသန္ဓေနေခြင်းကိစ္စလည်း လွတ်သွားတယ်. . . (မှန်ပါ)၊ ပဋိသန္ဓေနေခြင်းဟာ ဘာသစ္စာပါလိမ့်. . . (ဒုက္ခသစ္စာပါဘုရား)၊ ဒုက္ခမှ အပြီးအပိုင် ကျွတ်လွတ်သွားတယ်. . . (မှန်ပါ)၊သောတာပတ္တိမဂ်ရမယ်ဆိုရင် အောက်သံသရာ ပဋိသန္ဓေ တွေ အကုန်အပြီးတိုင် ကျွတ်လွတ်သွားတယ်. . . (မှန်ပါ)၊အင်မတန်အဖိုးမတန်ဘူးလား. . . (တန်ပါတယ်ဘုရား)။

## ဘုရားကစသေသေချာချာ ဟောထားတယ်

အေး. . . ဒါကြောင့် အနှစ်ရှာလို့ရှိရင်ဖြင့် အကိုင်းထမ်းပြီး မပြန်ဘဲနဲ့၊ အပွေးထမ်းပြီး မပြန်ဘဲနဲ့၊ အကာထမ်းပြီး မပြန်ဘဲနဲ့၊ အသားထမ်းပြီး မပြန်ဘဲနဲ့ အနှစ်ကိုအနှစ်ရယ်လို့ သိပြီးတော့

ထမ်းပြန်မှသာလျှင် ကိုယ့်လိုရာကိစ္စ အပြီးအပိုင် ရောက်ပါတယ် ဆိုတဲ့အကြောင်းကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် သေသေချာချာ ဟောထားပါတယ်. . . (မှန်ပါ)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ကိုယ်ငရဲက တက်လာတုန်းက ဒီငရဲကို ပြန်မယ်လို့ စိတ်ကူးရှိကြသလား. . . မပြန်ဘူးလို့ စိတ်ကူးရှိကြသလား. . . (မပြန်ဘူးလို့ စိတ်ကူးရှိကြပါတယ် ဘုရား)၊ ဒါဖြင့် မပြန်နဲ့၊ အနှစ်ရအောင်လုပ်ရင် ပထမသောတာပတ္တိ မင်္ဂဖိုလ်ရအောင် လုပ်ဖို့အရေးကြီးတယ်. . . (မှန်ပါ)။

## တိုက်နဲ့ကားနဲ့ စိန်နဲ့ ရွှေနဲ့

ဒကာကြွယ်တို့၊ ဦးလှဖူးတို့ ဒကာသစ်တို့ ဦးဘအုန်းတို့ ငရဲက စိတ်တွေ ကျုပ်တို့အခုမှ ပျောက်ကုန်တာနော်. . . (မှန်ပါ)၊ ငရဲတုန်းက စိတ်တွေကို အဝိဇ္ဇာက ဖုံးလွှမ်း၊ တဏှာက လှည့်စားပစ်လိုက်တော့ ဒကာကြွယ် မေ့ကုန်တယ်. . . (မေ့ကုန်ပါတယ်ဘုရား)၊ မေ့ကုန်တော့ လူ့ပြည်လာလို့ရှိရင်ဖြင့် လူချင်းတူတူ တိုက်နဲ့ တာနဲ့ ကားနဲ့ စိန်နဲ့ ရွှေနဲ့ ငွေနဲ့ နေနိုင်ရင် တော်ရောပေါ့ကွာ၊ ဒါ လူတန်းစေ့တာပဲဆိုပြီး ဒါလောက်နဲ့ တင်းတိမ်နေတော့ ငရဲက တက်လာတုန်းက စိတ်မျိုးတွေ မဟုတ်တော့ဘဲ အကိုင်းအခက်ထမ်းပြန်ပြီလို့ ဆိုထိုက် မဆိုထိုက်. . . (ဆိုထိုက်ပါတယ်ဘုရား)။

## မကျေနပ်ထိုက်တာ ကျေနပ်နေတယ်

ဒကာကြွယ် တချို့ ဒါနဲ့ တင်းတိမ်နေပါတယ်. . . (မှန်ပါ)၊ ကျုပ်တို့မှာ သားနဲ့သမီးနဲ့ မြေးနဲ့ ရွှေနဲ့ မျိုးနဲ့ အတုံးအရုံးထဲ လူဘုံ အလယ်မှာ လူ့အောက်တော့ မကျပါဘူး၊ ဥတစ်လုံး တစ်ကောင် ကြွက်လည်း မဟုတ်ပါဘူး၊ စီးပွားရေး ချွတ်ချွတ်မွဲမွဲ လူတန်းစား ကျောမွဲထဲကလည်း မဟုတ်ပါဘူး၊ အဲဒီတော့ ကျုပ်တို့အခြေအ နေဆိုရင် နေပျော် သေပျော်ပါတယ်. . . (မှန်ပါ)၊ လောကီစီးပွား ကလေးနဲ့ သူ့ဟာသူပေါ့ဗျာ၊ မကျေနပ်ထိုက်တာ ကျေနပ်နေ တော့ ဒကာသစ်တို့ပဲ အကဲခတ်တာပေါ့ ဘာထမ်းပြီးပြန်သွား သတုံး. . . (အကာထမ်းပြီးပြန်သွားပါတယ်)၊ လိုရာကိစ္စပြီး သလား. . . (မပြီးပါဘုရား)။

## အနှစ်မသိကြလို့

လိုရာကိစ္စဆိုတာက ဒကာ ဒကာမတို့ အခြားဟုတ်ပါ့ရိုး လား၊ ဘယ်တော့မှ အပါယ်မပြန်တော့ဘူးဆိုတော့ အပါယ် ဇာတိကို မယူတော့ဘူးပေါ့၊ အပါယ်ဇာတိကို မယူတော့ဘူးပေါ့။ အပါယ်ဇရာမယူတော့ဘူး အပါယ်မရဏ မယူတော့ဘူးဆိုပြီး ငရဲကတက်ပြီး ဒီလာပြီး ရှာကြတာ. . . (မှန်ပါ)၊ အခုတော့ အပါယ်လားကြောင်းတွေပဲ တစ်ခါလုပ်ပြီး သားရေးသမီးရေး၊ စီးပွားရေးနဲ့. လူတန်းစေ့ပြီလို့ တော်ပြီနေကြမယ်ဆိုရင်ဖြင့်

ဩော်. . . အနှစ်မသိလေစွ တကားလို့ မြင်တဲ့ ပုဂ္ဂိုလ်က ပြော မှာပဲ. . . (မှန်ပါ့ဘုရား)၊ သဘောပါကြပလား. . . (ပါပါပြီ ဘုရား)။

ဒါတွေ သေသေချာချာ စဉ်းစားတော့မှ ဩော်. . . ငါတို့ အနေဟာ လိုပါသေးကလား. . . (မှန်ပါဘုရား)၊

ဒကာကြွယ် ဘယ်လိုဆုံးဖြတ်ချက်ချမလဲ. . . (လိုပါသေး တယ်ဘုရား)၊ ငါတို့ အနေဟာ လိုသေးကလားလို့ အကဲခတ် နိုင်ကြပါပြီ. . . (မှန်ပါ)။

## မဂ်ဉာဏ်ဖိုလ်ဉာဏ်ရမှ စိတ်ချရမယ်

ရဟန်းသံဃာတော်များပဲ ဖြစ်စေ၊ သီလရှင်တွေပဲ ဖြစ်စေ၊ အကုန်လုံးပေါ့ဗျာ၊ ကိုယ့်ဘုန်းကံကလေးနဲ့ ကိုယ်ကျေနပ်နေကြ မယ်ဆိုရင်လည်း မဟုတ်သေးတာပေါ့. . . (မှန်ပါ)၊ မဂ်ဟည်း ဟူသော အနှစ်သာရတွေ အကုပ္ပ-ဆိုတဲ့ ဘယ်အခါမှ မပျက်စီး တဲ့မဂ်ဉာဏ်ဖိုလ်ဉာဏ် အနှစ်သာရတွေ ရမှ ဒကာအုန်း စိတ်ချ ရမယ်. . . (မှန်ပါ)၊ ခုနက ပြောတဲ့ဟာတွေ စိတ်မချရတာတွေ နဲ့ တင်းတိမ်နေလို့ ရှိရင်ဖြင့် အနှစ်ရှာပြီး အကိုင်းအခက်လောက် နဲ့ အနှစ်ထင်နေလို့ရှိရင်လည်း ဒကာသစ် ကိုယ်ကျိုးနည်းပေါ့. . . (မှန်ပါ)၊သဘောကျကြပလား. . . (ကျပါပြီဘုရား)။

## ကိုယ်ကျိုးနည်းကြမှာစိုးလို့

ကိုယ်ကျိုးနည်းကြမှာစိုးလို့ ဘုရားက သာရောပမသုတ်တွေကို ဟောပါတယ်။ အနှစ်ရှာကြပါ-အနှစ်ရှာကြပါဆိုတာ ဦးလှဖူး ဟောသင့်-မဟောသင့်. . . (ဟောသင့်ပါတယ်ဘုရား)၊ မသိတဲ့ ပုဂ္ဂိုလ်က တောထဲကို ဓားကြီးနဲ့ ဝင်လာပြားသော်လည်း အနှစ်မတွေ့ဘဲ အကိုင်းအခက်ထမ်းပြန်လာပြီး ဒီဟာ တို့လှည်းပေါက်နဲ့တော့ တော်သားပဲ. . .၊ မဟုတ်ဘူးလားဗျာ. . . (မှန်ပါ)၊ ဒီဟာလည်း တို့လှည်းတပ်ရင် ရတာပဲဆိုပြီး အနှစ်ကို မသိတော့ အကိုင်းတွေကိုပဲ လှည်းဝင်ရိုးထိုးပြီး သကာလ-အကိုင်းကြီးကြီး လှည်းဝင်ရိုးပေါက်ထဲ ထိုးလိုက်တော့ သူခိုင်မှာပဲထင်ရင် ဒကာသစ် လွဲလိမ့်မယ်. . . (မှန်ပါ)၊ မလွဲပေဘူးလား. . . (လွဲပါတယ်)၊ အဲဒီတော့ အကိုင်းအခက်သိမ်းပြီး သကာလ မပြန်ဖို့ရာအရေးကို ဘုရားဟောတော်မူတယ်. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

## ငရဲကတက်လာတုံးကတော့

ကိုင်း. . . ကျုပ်တို့ ငရဲက တက်လာတုန်းက ဒကာ ဒကာမတွေ ငရဲဇာတိ ငရဲဇရာ ငရဲမရဏတွေဖြင့် ဘယ်တော့မှ မတွေ့ပါရစေနဲ့ဆိုပြီးသကာလ တက်လာခဲ့ကြတာ. . . (မှန်ပါ)၊ လူ့ပြည်ရောက်လို့ရှိရင် အနှစ်သာရဖြစ်တဲ့ တရားကို ရှာပါတော့မယ်ဆို

ပြီး တက်လာခဲ့ရိုးမှန်ပါရဲ့၊ မမှန်ကြဘူးလား. . . (မှန်ပါတယ် ဘုရား)။ ဒီကျလာပြန်တော့လည်း တော်တော်ကလေး အသိ ညဏ်ရှိတော့ အို. . . ငါးပါး၊ရှစ်ပါး၊ ဆယ်ပါးသီလကလေး လောက်နဲ့ ဆိုရင် တော်ပြီ၊ ဒါလောက်ဆိုရင် သေပျော်နေပျော် ရှိတယ်ဟ. . . ဇာတိ ဇရာ မရဏဖြင့် လွတ်လောက်ပဟ. . . ဒီလို အောက်မေ့လိုက်လို့ရှိရင်လည်း လွတ်မှ မလွတ်သေးလို့ ဗျ. . . (မှန်ပါ)၊ ဒကာသစ် လွတ်ပါ့မလား. . . (မလွတ်သေးပါ ဘုရား)၊ မလွတ်သေးတော့ သူသည်ကားလို့ဆိုရင် ဒကာ ဒကာမ တွေပဲ စဉ်းစားကြပါတော့၊ အပွေးထမ်းပြန်သွားတဲ့သူနဲ့တူ တယ်. . . (မှန်ပါ)။

အနှစ်ရှာရအောင်လာပြီးတော့ ဘာတုံး. . . (အပွေးထမ်း ပြန်သွားတဲ့သူနဲ့တူပါတယ်)၊ အနှစ်ရှာလာပြီးတော့ အပွေးထမ်း ပြန်သွားလို့ရှိရင် သိသော ပုဂ္ဂိုလ်များက ပြော်. . . ဒီပုဂ္ဂိုလ်က ဖြင့် အနှစ်မသိလေစွတကား. . . (မှန်ပါ)၊ မဆိုပေဘူးလား. . . (ဆိုပါတယ်ဘုရား)၊ အနှစ်မသိလေစွတကား. . .။ အနှစ် မသိ လေစွတကား. . . အပွေးတွေထမ်းပြီးတော့ လှည်းဝင်ရိုးလုပ်မလို့ တဲ့။ ဒုက္ခဖြင့် ရောက်ရှာတော့မှာပဲလို့ မသိပေဘူးလား. . . (သိ ပါတယ်ဘုရား)၊ အေး. . . ဒီလို ဖြစ်တတ်ကြတယ်ဆိုတာကိုပဲ ဒကာကြွယ် တချို့နေရာမှာ ရှိမယ်ဆိုတာကိုပဲ မလွဲတမ်း ပြောရ မှာပဲ. . . (မှန်ပါ)။

## သီလဟာ အပွေးလောက်ရှိသေးတယ်

ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလကို တို့မှာ ခါးဝတ်ပုဆိုးကဲ့သို့ မြဲနေပေါ့ဗျာ။ ဘာလုပ်စရာရှိသေးတုံးကွလို့ ကိုယ့်ဟာကိုယ် တင်းတိမ်ချင်လည်း တင်းတိမ်နေကြလိမ့်မယ်နော်. . . (မှန်ပါ)၊ အခု မြတ်စွာဘုရားက သာရောပမသုတ်တော်နဲ့ ဝေဖန်ဟောကြားလိုက်တဲ့အခါကျတော့ သီလဟာ အပွေးလောက်ရှိသေးတယ်၊ အပွေးပဲတဲ့နော်. . . (မှန်ပါ)၊ ရှင်းကြပလား. . . (ရှင်းပါပြီ)။

နို့အပွေးမို့ သူ့ကို မဆောက်တည်ရဘူးလို့ ဆိုတာမဟုတ်ပါဘူး။ ဆောက်လည်း ဆောက်တည်ရမယ်။ ရှေ့လည်း တက်ရမယ်ပြောတာ. . . (မှန်ပါ)။

ဆောက်လည်းဆောက်တည်ရမယ်. . . (ရှေ့လည်း တက်ရမယ်)၊ သီလတည်းဟူသော မြေပေါ်မှာ သမထတည်းဟူသော ကျောက်ဖျာထားပြီး သကာလ ဝိပဿနာတည်းဟူသော ဉာဏ်ဓားသွေးရမှာပဲ. . . (မှန်ပါ)၊ မပါရင်တော့လည်း မပြီးပါဘူး။ သို့သော်လည်း အနှစ်သာရရွေးချယ်တဲ့ နေရာမှာ သူ့ကို အနှစ်ထင်မနေဖို့ကို ဘုရားက အရေးတကြီးဟောတယ်. . . (မှန်ပါ)။ ပေါ်ကြပလား. . . (ပေါ်ပါပြီ)။

## ဒါလောက်နဲ့ တင်းတိမ်မနေကြပါနဲ့

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သတိပေးလိုက်ပါတယ်၊ ဒါလောက်နဲ့ တင်းတိမ်မနေကြပါနဲ့. . . ရှေ့ကိုလည်း တက်ကြပါဦး. . . (မှန်ပါ)၊ မဟောရဘူးလား. . . (ဟောရပါ တယ်ဘုရား)။

ကိုင်း. . . ဒါနဲ့ သီလတော့ဖြင့် တော်တော်ဖြူစင်ပြီဆိုပြီး သကာလ သမထဘက် ကြိုးစားလို့ သမထ-သမာဓိတွေ တော်တော်များများ ရလာတဲ့အခါကျတော့လည်း စိတ်ပြောင်းတတ်တယ်နော်. . . (မှန်ပါ)၊ ငါတို့သည် သမထတန်ခိုးတော့ဖြင့် အတော်ကို ကြီးနေပြီဟ. . . ။ စိတ်ကိုဖမ်းလိုက်ရင် မိတာပဲ။ အဲတော်သေပျော် နေပျော်ရှိပြီလို့ ဒီလိုလည်း တင်းတိမ်မနေလိုက်ပါနဲ့. . . (မှန်ပါ)။

လောကီဥပမာကို ဘုရားက ပြလိုက်တယ်။ လူတစ်ယောက်ဟာ လှည်းဝင်ရိုးလှည်းထမ်းပိုးလုပ်ဖို့ အနှစ်ကိုလာရှာတာ အကာတွေကို ထမ်းပြီးပြန်သွားတာနဲ့တူတယ်. . . (မှန်ပါ)၊ ဒီလို ဟောလိုက်တယ်. . . (မှန်ပါ)။

## သမထဟာ အကာလောက်ရှိသေးတယ်

သူလည်း အကာလောက်ရှိသေးတာကိုး. . . (မှန်ပါ)၊ ဒကာ ဒကာမတို့ လိုရာခရီး လှည်းကိစ္စ ပြီးနိုင်ပါ့မလား. . . (မပြီး

နိုင်ပါဘုရား)၊ ခဏလေးသွားပြီး ခဏလေး ဖြုတ်ခနဲပဲ ဒကာအုန်း ကျိုးသွားလိမ့်မယ်နော်. . . (မှန်ပါ)၊ ဝန်တင်လိုက်ရင် မကျိုးပေဘူးလား. . . (ကျိုးပါတယ်ဘုရား)၊ ခဏတဖြုတ်တော့ လည်သလိုလိုဘာလိုလိုနဲ့ တော်မှာပေါ့ဗျာ. . . (မှန်ပါ)၊ နောက်ကျတော့ လမ်းခုလတ်မှာ ဒုက္ခလှလှကြီး တွေ့ရမယ်ဆိုတာ မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)၊ အဲ. . . သူလည်း ဇာတိ ဇရာ ဗျာဓိ မရဏတို့ကို လုံးဝ လွတ်ကင်းနိုင်တယ်လို့ ငါဘုရား မဟောဘူးလို့ ပြောတာပါပဲ. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## လောကီအဘိညာဉ်တွေနဲ့ မတင်းတိမ်နဲ့

ကိုင်း. . . သမထကနေပြီးတည်ကြည်သွားတဲ့အခါကျတော့ ရှေ့ကိုအဘိညာဉ်တွေ ရလိုက်နိုင်သေးတယ် ဦးဘအုန်း. . . (မှန်ပါ)၊ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊ စေတောပရိယ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ ဣဒ္ဓိဝိဓအဘိညာဉ်တွေဆိုတာ လောကီ အဘိညာဉ်တွေနော်. . . ဦးဘအုန်း။ ဈာန်က ဖြစ်လာတာတွေ. . . (မှန်ပါ)၊ အဲဒါလောက်နဲ့ တင်းတိမ်ပြီးသကာလ ငါတို့တော့ဖြင့် အထင်အမြင်တွေ အကုန်ပေါက်ကုန်ပြီ. . . ။ ရှေ့နောက်တွေလည်း ငါတို့သိပြီ. . . ။ မှန်တဲ့သည်အသိမျိုးနဲ့ဖြင့် ဘဝသံသရာမှာ တယ်ကြံ့ခဲတယ်။ ဒါလောက်ဆိုရင် သေပျော်နေပျော် ရှိပြီလို့ တင်းတိမ်မနေလိုက်စမ်းပါနဲ့. ... (မှန်ပါ)၊သဘောကျပလား. . . (ကျပါပြီ)။

## အသားတွေကို အနှစ်ထင်တယ်

ဒါလောက်နဲ့ တင်းတိမ်နေလို့ရှိရင် လောကီဥပမာအားဖြင့် လှည်းဝင်ရိုး၊လှည်းထမ်းပိုးလုပ်ဖို့ တောထဲ မားမကြီးကိုင်ပြီး အရှာ လာတဲ့ ပုဂ္ဂိုလ်ဟာ အသားတွေကို အနှစ်ထင်ပြီး ထမ်းပြန်သွား တာပဲတဲ့. . . (မှန်ပါ)၊ မျက်စိမြင်တဲ့ ပုဂ္ဂိုလ်က ကြည့်လိုက်တယ်၊ ဩော်. . . ဒီလူဟာ အနှစ်နဲ့ အသားနဲ့ မကွဲလို့ အသားကို ထမ်း ပြန်တာပဲ. . . (မှန်ပါ)၊ မဆိုပေဘူးလား ဆိုပလား. . . (ဆိုမှာ ပါ)။ ဆိုလိမ့်မယ်ဆိုတာ သေချာကြပလား. . . (သေချာပါပြီ ဘုရား)။

အဲ. . . ဆိုလိမ့်မယ်ဆိုတာ သေချာကြတော့ ဒကာ ဒကာမတွေကလည်း ဩော်. . . တို့ ဖြစ်ရင်လည်း ဒီလိုပဲဆိုမှာပဲ ဆိုတာပေါ်လာတယ်. . . (ပေါ်လာပါတယ်ဘုရား)၊ မပေါ်ကြ ပေဘူးလား. . . (ပေါ်ပါတယ်)၊ ဘာ့ကြောင့်တုံး၊ သူလှည်းဝင်ရိုး လုပ်တာ အသားလုပ်တော့ တော်တော်ကလေးခံမှာပေါ့၊ တော်တော်ကြာကျလို့ရှိရင် ကျိုးမြဲပြန်ကျိုးမှာပဲ. . . (မှန်ပါ)၊ အနှစ်လိုတော့ဖြင့် တာရှည်ပြီး ခိုင်နိုင်ပါ့မလား. . . (မခိုင်နိုင်ပါ ဘုရား)၊ အနှစ်လိုတော့ တာရှည်ကြီး မခိုင်နိုင်တော့ ခုနက မျက်စိအမြင်ကျယ်တဲ့ အနှစ်သိတဲ့ ပုဂ္ဂိုလ်များက ဒကာကြွယ် အပြစ်တင်လိမ့်မယ်. . . (မှန်ပါ)။

ဩော်. . . ဒီလူသည်ကား လို့ဆိုရင်ဖြင့် အကိုင်းအခက် လည်း သိပါရဲ့၊ အပွေးလည်း သိပါရဲ့၊ အကာလည်း သိပါရဲ့၊

အသားနဲ့ အနှစ်မသိလို့ အသားကို ထမ်းပြန်ပြီး လှည်းဝင်ရိုး လုပ်လိမ့်မဟာ. . . ဆိုပြီး တွေးလုံးထုတ်မှာပဲ. . . (မှန်ပါ)။ မထုတ်ပေဘူးလား. . . (ထုတ်မှာပါဘုရား)၊ သူတွေးတဲ့အတိုင်းလည်း အမှန်ကြီးမှန်တယ်ဆိုရင် လွဲပါ့မလား. . . (မလွဲပါဘုရား)။

ဒါ့ကြောင့် အဘိညာဉ်ရရုံနဲ့လည်း တင်းတိမ်မနေပါနဲ့ဦးတဲ့. . . (မှန်ပါ)၊ ကောင်းကင်ပျံ မြေလျှိုး တန်ခိုးတွေပြနိုင်ရုံနဲ့လည်း တင်းတိမ်မနေပါနဲ့. . . (မှန်ပါ)၊ ဇာတိ ဇရာ ဗျာဓိ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ လွတ်ရေးကျွတ်ရေး မဟုတ်သေးပါဘူး. . . (မှန်ပါဘုရား)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## အနှစ်ကို ထမ်းပြန်သွားတယ်

တစ်ယောက်သော ပုဂ္ဂိုလ်ကတော့ တောထဲလာပြီး လှည်းဝင်ရိုး ထမ်းပိုးလုပ်ဖို့လာတဲ့အခါ မားမကြီးကိုကိုင်ပြီးဖြောင့်နေတဲ့ သစ်ပင်ကြီးကို လှဲလိုက်တယ်၊ လှဲပြီးတော့ အကိုင်းတွေဖျင်၊ အပွေးတွေခုတ်၊အကာတွေခွာပစ်၊အသားတွေလှီးပစ်လိုက်၊အနှစ်ကိုသာ ထမ်းပြန်သွားရင်တော့ဖြင့် မျက်စိအမြင်ကျယ်တဲ့ ပုဂ္ဂိုလ်က ဒီပုဂ္ဂိုလ်ဟာအနှစ်ရှာလာတာအနှစ်ပဲသိပြီးအနှစ်ကိုထမ်းပြန်သွားတယ်၊ သူဖြင့် လှည်းကိစ္စပြီးမှာပဲဆိုတာ ဒကာကြွယ်ဆုံးဖြတ်ချက်ချမယ်. . . (ချမှာပါဘုရား)၊ ဘာဖြစ်လို့တုံး. . . ၊ အနှစ်ရှာတာ အနှစ်သိသကိုးဗျ. . . (မှန်ပါ)၊ ရှင်းကြပလား. . . (ရှင်းပါပြီ)။

## မဂ်ဉာဏ်က အနှစ်

အနှစ်ရှာတာ. . . (အနှစ်သိပါတယ်ဘုရား)၊ အနှစ်သိတော့ အနှစ်ကိစ္စ လုပ်ရဖို့အလုပ်ကို လုပ်နိုင်တဲ့အတွက် ဦးလှဖူးရေ လိုရာခရီး အပြီးတိုင် ငြိမ်းတော့တယ်ဆိုတာ သေချာပြီလား. . . (သေချာပါပြီဘုရား)၊ အဲဒီအနှစ်က ဘာပါလိမ့်မတုံးဆိုတော့ မဂ်ဉာဏ်. . . (မှန်ပါ)။

ဘာပါလိမ့်မတုံး. . . (မဂ်ဉာဏ်ဖိုလ်ဉာဏ်ပါဘုရား)။

ဒါကြောင့် ဒကာ ဒကာမတွေမှာ မဂ်ဉာဏ် ဖိုလ်ဉာဏ်မရသေးလို့ရှိရင် အပါယ်လေးပါးတံခါးက မပိတ်သေးတဲ့အတွက် အပါယ်ဇာတိ၊ အပါယ်ဇရာ၊ အပါယ်ဗျာဓိ၊ အပါယ်မရဏ၊ အပါယ်သောက၊ အပါယ်ပရိဒေဝ၊ အပါယ်ဒုက္ခ၊ အပါယ်ဒေါမနဿတွေက တစ်ပုံကြီး ကျန်နေတယ်. . . (မှန်ပါ)၊ တစ်ပုံကြီးကျန်နေတော့ မဂ်ကသာလျှင်. . . စတူဟာပါယေဟိစဝိပ္ပမုတ္တော-အပါယ်လေးပါးမှ လွတ်တယ်. . . (မှန်ပါ)၊ သဟာဝဿဒဿနသမ္ပဒါယ- သောတာပတ္တိမဂ်သည် နိဗ္ဗာန်ကို မြင်သည်နှင့်တကွ။ တယဿုဓမ္မာ ဇဟိတာဘဝန္တိ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာသီလဗ္ဗတပရာမာသတွေကို ပယ်ချလိုက်တယ်. . . (မှန်ပါ)၊ အဲဒီကျမှ စတူဟာ ပါယေဟိစ ဝိပ္ပမုတ္တော-ဆိုတဲ့-အတိုင်း- အပါယ်လေးပါးမှ လုံးဝလွတ်သွားတော့တယ်။ ဘယ်တော့မှ မသွားတော့ဘူး. . . (မှန်ပါ)၊ အကုပ္ပါမေဝိမုတ္တိဆိုသလိုပဲ မပျက်စီးတော့ဘူးတဲ့. . . (မှန်ပါ)။

## အကျိုးပေးမြဲသွားပြီ

ဒါကြောင့် မေ့သင်္ဂဏီပါဠိတော်မှာလည်း- သမ္ပတ္တနိယတာ မမွေ-မဖောက်မပြန်ဘဲနဲ့ အကျိုးပေးမြဲသွားပြီတဲ့. . . (မှန်ပါ)၊ သီလမြဲ သမာဓိမြဲ ပညာမြဲသွားပြီ. . . (မှန်ပါ)။

ဒကာ ဒကာမတို့ ဘာတွေများ မြဲသွားပါလိမ့်. . . (သီလ သမာဓိ ပညာတွေ မြဲသွားပါပြီဘုရား)၊ သီလ သမာဓိ ပညာတွေ ဟာ ဘယ်သူမှဖြုတ်လို့ မရအောင် မြဲသွားတော့ တယ်ဆိုတာ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

အဲဒါမှ အနှစ်သာရပဲဆိုတာ ဒကာသစ် မှတ်မိပလား. . . (မှတ်မိပါပြီဘုရား)၊ ဒကာအုန်းတို့ကော. . . (မှတ်မိပါပြီဘုရား)။

## သုဗြဟ္မာနတ်သား

ကျုပ်တို့သည်ကားလို့ဆိုရင် အနှစ်သာရမရခဲ့တဲ့အတွက် နတ်ပြည်ရောက်လိုက်၊ ဖြုန်းခနဲ လှည်းကြီးကျိုးသလို ကျိုးပြီး သကာလ အပါယ်ဝှန်းခနဲ ရောက်သွားလိုက်၊ သုဗြဟ္မာနတ်သား ဝတ္ထုက နတ်သမီး ငါးရာတို့ ဝတ္ထုကို ထောက်ကြည့်ပါ. . . (မှန် ပါ)၊ ဗြဟ္မာပြည်ရောက်သွားလိုက်၊ ကမ္ဘာပျက်တဲ့အခါ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ ဗြဟ္မဝိဟာရတွေ အားထုတ်ပြီး ဗြဟ္မာ ပြည်ရောက်သွားလည်း ဗြဟ္မာပြည်ကနေ လူ့ပြည်ဆင်း၊လူ့ပြည် ကနေ အပါယ်ဘုံတွေများ ဆင်းသွားလိုက်တာတွေ. . . (မှန်ပါ)၊

အနှစ်သာရ မရခဲ့သေးတော့ မပြသေးတာဘဲ၊ မသေချာဘူး လား. . . (သေချာပါတယ်)။

ဒါဖြင့် ဒကာ ဒကာမတို့ ယနေ့တရားမှာ သာရောပမသုတ် လို့ဆိုတဲ့အတွက် အနှစ်ရှာရလိမ့်မယ်. . . (မှန်ပါ)။

ဘာရှာကြရမှာတုံး. . . (အနှစ်ရှာရမှာပါဘုရား)၊ အနှစ် မရသေးသရွေ့ ကာလပတ်လုံးဖြင့် မရ-ရအောင် ရှာမယ်ဟဲ့ဆိုတဲ့ စိတ်ကို သန်သန်ထွားထွားထားပြီးသကာလ မွေးမှသာလျှင် ကျုပ်တို့သည် အပါယ်ဇာတိ ဇရာ မရဏတွေမှ ချုပ်ငြိမ်းလွတ် ကင်းလိမ့်မယ်ဆိုတဲ့ဉစ္စာ သေသေချာချာ မှတ်ကြပါတော့- ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

## အနှစ်ထမ်းပြန်မှ ကိစ္စပြီးမှာ

ဒါဖြင့် ဘာကို ထမ်းပြန်ကြမယ်. . . (အနှစ်ထမ်းပြန်ရမှာ ပါ ဘုရား)၊ အနှစ်ထမ်းပြန်မှ အနှစ်လိုရာကိစ္စ ပြီးမှာကိုးဗျ. . . (မှန်ပါ)၊ သဘောပါကြပလား. . . (ပါပါပြီ)။

အဲဒီတော့ အခုတရားက အထွတ်အထိပ်ရောက်နိုင် အောင် ဟောတဲ့တရားဖြစ်သောကြောင့် သီလလည်း ကြိုးစား ပါ. . . (မှန်ပါ)၊မနေ့က ရထားလို့ပေါ့ဗျာ၊ သီလ,ရထားကြိုးစား ပါ. . . သမထ,ရထားတက်ရတယ်၊ မတက်ရပေဘူးလား. . . (တက်ရပါတယ်ဘုရား)၊ သမထ,ရထားက ဆင်းပြီး ဝိပဿနာ,

ရထား ကော. . . (တက်ရမှာပါဘုရား)၊ ဝိပဿနာ ရထားကဆင်းပြီး မဂ်,ရထားကော. . . (တက်ရမှာပါဘုရား)၊ မဂ်,ရထားကဆင်းပြီးမှ နိဗ္ဗာန်ရောက်မယ်. . . (မှန်ပါ)၊ သဘောကျပလား. . . (မှန်ပါ)။

အဲဒီတော့ မနေ့က ဝတ္ထုနဲ့ ပေါင်းစပ်ပြီးကြည့်လိုက်တဲ့ အခါ ကျတော့မှ ဩော်. . . ဒီဥစ္စာ သီလရထားကဆင်းပြီး သမထ ရထားပေါ်တက်၊ သမထရထားကနေပြီး ဝိပဿနာ,ရထားပေါ် တက်၊ ဝိပဿနာ,ရထားကဆင်းပြီး မဂ်,ရထားပေါ်တက်၊ မဂ်,ရထားက ဆင်းမှ နိဗ္ဗာန်ရောက်တယ်ဆိုတာလည်း သေသေ ချာချာဖြစ်ပြီး သကာလနေတဲ့အတွက် ဒီအစီအစဉ်အတိုင်း ကျော်သွားလို့ဖြင့် မဖြစ်ပါကလားဆိုတာ မနေ့က ရထဝိနီက သုတ်ကလည်း တာဝန်ခံခဲ့ ပြီ. . . (မှန်ပါ)။

## အလုပ်နဲ့ပြမှ အနှစ်ကိုရမယ်

ဒါကြောင့် ဒကာ ဒကာမတွေ သူ့သုတ်နဲ့ သူ့ဝတ္ထုနဲ့ ရှာကြ စို့ဆိုတော့လည်း. . . ဘာရှာရတော့မယ်. . . (အနှစ်ရှာရပါမယ် ဘုရား)၊ အနှစ်ရှာတော့ ဒကာသစ် အလုပ်နဲ့ပြမှရမယ်. . . (မှန်ပါ)၊ အလုပ်နဲ့ပြမှသာလျှင် အနှစ်ကို ရနိုင်တယ်ဆိုတာ သေချာကြပလား. . . (သေချာပါပြီ)။

ဒကာ ဒကာမတို့သန္တာန်မှာ ကာမစိတ် ၅၄-ခုရှိငြားသော် လည်း ဒီအထဲမှာ မရနိုင်တဲ့ စိတ်တွေက ကိုးခုလောက်ပါနေ

တယ်. . . (မှန်ပါ)၊ ၅၄-ထဲမှာ ကိုးခုနုတ်တော့ (၅၄-၉=၄၅) ၄၅ပါး ကျန်တော့တယ်။ ❖ (မှန်ပါ)၊ အဲဒီပိတ်တွေနဲ့ပဲ ဒကာ ဒကာမတွေ နေရမှာ။ဒီစိတ်တွေပေါ်တာ အခုပြောခဲ့တာ ၄၅ပါး ပေါ့ဗျာ၊ အဲဒီစိတ်တွေကို လှည့်ပြီးရှုရမယ်။ အဲဒီစိတ်တွေက တော့ မပေါ်မရှိဘူး။ တစ်ခုခုပေါ်ရမှာပဲ. . . (မှန်ပါ)၊ ဒါဖြင့် ခင်ဗျားတို့ ရှုရမယ့်စိတ္တာနုပဿနာမှာ စိတ်ပေါင်း ဘယ်လောက် ရှိနိုင်သတုံးလို့မေးရင် ဘယ့်နှယ်ပြောကြမလဲ. . . (၄၅-ပါးပါ ဘုရား)၊ ဒါမှတ်ထားနော်. . . (မှန်ပါ)။

## (၄၁)ပါးက ရှုစရာစိတ်

ဘာဖြစ်လို့တုံးဆိုတော့ ဒကာ ဒကာမတို့ အဆက်ဖြစ်တဲ့ မဟဂ္ဂုတ် စိတ်တွေကလည်း ကျုပ်တို့မှာ မရသေးဘူး. . . (မှန်ပါ)၊ လောကုတ္တရာစိတ်တွေကလည်း မဂ်ဉာဏ် ဖိုလ်ဉာဏ် မရသေး လို့ ဦးဘအုန်း မရသေးပါဘူး. . . (မှန်ပါ)၊အဲဒီတော့ အခု ၄၅-ပါး သော စိတ်တွေဟာဖြင့် ခန္ဓာကိုယ်ထဲမှာ ပေါ်နိုင်တာ ဒကာ ဒကာမတွေက ၄၅-ပါးသော စိတ်ထဲက ရှုမည့်စိတ်တွေကိုလည်း ပြန်နုတ်ပါဦး. . . (မှန်ပါ)၊ ရှုမည့်စိတ်က တစ်ခါ ၄-ပါး ပြန်နုတ်

---

❖ ကာမစိတ် (၅၄)တွင် မဟာကြိယာစိတ် ရှစ်ပါးနှင့် ဟသိ တုပ္ပာဒ်စိတ်- ပေါင်းကိုးပါးမှာ ရဟန္တာများသန္တာန်၌ ဖြစ်၍ ပုထုဇဉ် တို့ မရနိုင်။

လိုက်ပါဦး၊ ❖. . . ။ (၄၁-ပါး ကျန်ပါတယ်)၊ အဲဒီ ၄၁-ပါးက ရှုစရာစိတ်တွေ. . . (မှန်ပါ)။

၄၁-ပါးသော စိတ်ကဘာတဲ့. . . (ရှုစရာတွေပါဘုရား)။

ဒါက ၄၁ပါးထားပါတော့. . . (မှန်ပါ)၊ရှုစရာဉာဏသမ္ပယုတ်စိတ်တွေနဲ့ ရှုစရာ လေးမျိုးနဲ့ ရှုလိုက်တာပေ့ါ. . . (မှန်ပါ)၊ ရှုစရာ လေးမျိုးဟာ ပေါင်းလိုက်တော့ မဂ္ဂင်ငါးပါးဖြစ်တယ်။ မဂ္ဂင်ငါးပါး အဲဒီစိတ်တွေမှာ ယှဉ်တဲ့ စေတသိက်တွေထဲမှာ ပါတယ်. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီ)။

## ဝိပဿနာရှုတာ အသားပဲရှိတယ်

ကိုယ့်သန္တာန်မှာ ပေါ်လာပါလိမ့်မယ်၊ ပေါ်လာလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ အဲဒီမဂ္ဂင်ငါးပါးနဲ့ ရှုပါ။ ဥပမာ ပြောကြစို့ဆိုရင် လောဘစိတ်ကလေး ပေါ်လာတယ် ဒကာသစ်. . . ဘာလုပ်ရမလဲ. . . (ဖြစ်ပျက်ရှုရပါတယ်ဘုရား)၊ ဒါ ကိုယ့်သန္တာန်ပေါ်တဲ့အတွက် ကိုယ်ရှုနိုင်တယ်ဆိုတော့ လောဘစိတ်ကလေးက ဖြစ်ပျက်။ ရှုတာက-မဂ်-ဆိုတော့ ခုနက ပြောသလို ဒကာ ဒကာမတို့ ရထားခုနစ်စင်းမှာ လေးစင်းမြောက်တော့ တက်မိပြီဆိုကြပါစို့. . . (မှန်ပါ)၊ ကျုပ်တို့တော့ အခုအနှစ်နားတော့ ရောက်ပြီဆို

---

❖ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ပါးနှင့် ရှုရမည်ဖြစ်၍ ၎င်းကို ပြန်နုတ်ပါ။ ၄၁-ပါး ဖြစ်ပါသည်။

ကြပါစို့. . . (မှန်ပါ)၊ အခုဟာက အသားတော့ဖြင့် ဖြစ်ပြီဆိုပါ စို့. . . (မှန်ပါ)၊ အနှစ်တော့ မဖြစ်သေးဘူး. . . (မှန်ပါ)၊ ဝိပဿနာ ရှုတာဟာ အသားလောက်တော့ ဖြစ်နိုင်ပါပြီ။ အနှစ်အခြေအနေ ကတော့ မဂ်မဆိုက်သေးလို့ မရသေးဘူး. . . (မှန်ပါ)၊ ဝိပဿနာ မဂ်ပဲ ရှိသေးတာကိုးဟ၊ ဝိပဿနာမဂ်ဆိုတာ ကာမာဝစရကုသိုလ် လို့ခေါ်တယ်. . . (မှန်ပါ)၊ အဲဒီတော့ ကာမာဝစရကုသိုလ် လောက်နဲ့ တင်းတိမ်ပြီးသကာလ မနေနဲ့ဦး၊ ဒါဟာ အသားထမ်း ပြီး ပြန်လာတာလောက်ပဲ ရှိသေးတယ်. . . (မှန်ပါ)။

## ဝိပဿနာမဂ်နဲ့ တင်းတိမ်ပြီးမနေနဲ့

ဝိပဿနာရှုနေတာပဲ၊ ကျုပ် ဘာပူစရာရှိသတုံးဆိုပြီး ဒါ လောက်နဲ့ တင်းတိမ်ပြီးသကာလ မနေဘဲနဲ့-ဩဝါ. . . ဝိပဿနာ ရှုတယ်ဆိုတာလည်း တော်တော်တော့ အကျိုး ကြီးတာပဲ. . .။ သာသနာတွင်းတရားလည်း ဟုတ်ပေတာပဲ၊ သစ္စာအနုလောမိက ဉာဏ်လည်း ရပေတာပဲ၊ သို့သော် ဒါနဲ့ မတင်းတိမ်ပါနဲ့. . . (မှန်ပါ)။

ကဲ. . . လောဘစိတ်လာလည်း လောဘစိတ်ကို ဘာလုပ် ကြမယ်. . . (ဖြစ်ပျက်ရှုရပါတယ်)၊ ဒေါသစိတ်ကလေးလာရင် လဲ. . . (ဖြစ်ပျက်ရှုရပါတယ်)၊ ဝိစိကိစ္ဆာစိတ်ကလေးလာရင် လဲ. . . (ဖြစ်ပျက်ရှုရပါတယ်)၊ ဥဒ္ဒစ္စကလေးလာရင်လဲ. . . (ဖြစ်ပျက်ရှုရပါတယ်)၊ ဥဒ္ဒစ္စလာလည်း ပျံ့လွင့်တဲ့ စိတ် မငြိမ်ဘူး၊

မငြိမ်တဲ့စိတ်ကို ဖြစ်ပျက်ရှုပါ. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ ဝိက္ခိတ္တစိတ္တံ ဝိက္ခိတ္တ စိတ္တန္တိ ပဇာနာတိတဲ့၊ ဝိက္ခိတ္တစိတ်ကို ဖြစ်ပျက်ရှုပါ. . . (မှန်ပါ)။

## ဘယ်စိတ်ပေါ်ပေါ် ဖြစ်ပျက်ရှုပါ

ဒီလိုနဲ့ ဒီဘက်က ရှုပြီးသကာလ တော်တော်ကြာကျတော့ မြင်စိတ်ကလေးလာတယ်ဆိုရင်လည်း ဒကာသစ် ဘာလုပ်ရမလဲ. . . (ဖြစ်ပျက်ပဲ ရှုရပါတယ်)၊ ကြားစိတ်ကလေး လာပြန်တော့. . . (ဖြစ်ပျက်ရှုရပါတယ်)၊ နားထဲမှာ ပေါ်တဲ့ ကြားတဲ့ စိတ်ကလေး ဖြစ်ပျက်ရှုလိုက်. . . (မှန်ပါ)၊ နံတဲ့ စိတ်ကလေးလာပြန်ရင်. . . (ဖြစ်ပျက်ရှုပါတယ်)၊ ဒီကမဂ္ဂင်နဲ့ချည်း ဖြစ်ပျက်ရှုနေပါ. . . (မှန်ပါ)၊စားတဲ့စိတ်ကလေး လာပြန်ပြီ. . . (ဖြစ်ပျက်ရှုရပါတယ်)၊ ယားတဲ့ယံတဲ့ စိတ်ကလေး လာပြန်ပြီ. . . (ဖြစ်ပျက်ရှုရပါတယ်)၊ ကောင်းတဲ့စိတ်ကလေး ကိုယ်ပေါ်မှာ ပေါ်နေပြီ. . . (ဖြစ်ပျက်ရှုရပါတယ်)၊ အကုန်ဖြစ်ပျက် ရှုလိုက်ပါ. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီ ဘုရား)။

## ကုသိုလ်စိတ်လာရင် ဖြစ်ပျက်ရှု

ဥပမာမယ် ကုသိုလ်ပြုထားတော့ ကုသိုလ်စိတ်ကလေး လာတယ်၊ ရှုသာရှု ဒကာ ဒကာမတို့၊ ကုသိုလ်စိတ်ကလေးလည်း ဝိပဿနာနဲ့ကျတော့ ရှုသာရှုရမှာပဲ။ သမထနဲ့ကျတော့ စာဂါနု

သတိ လုပ်ရမှာကိုးဗျ၊ ဝိပဿနာနဲ့ကျတော့ ဖြစ်ပျက်ရှု. . . (မှန်ပါ)။

ဪ. . . ဒါဖြင့် ဒကာ ဒကာမတို့ သန္တာန်၌ ခုနက ပြောခဲ့တဲ့ စိတ်တွေပေါ်ရင် ရှုပြီးသကာလ နေတာပေါ့. . . (မှန်ပါ)၊ ရှုပြီးသကာလနေတော့ ပေါ်တဲ့နေရာကလေးလည်း ဆရာဘုန်းကြီးက အကုန်အစုံပြောပြီးသကာလ ဖြစ်လေသောကြောင့် အဲဒါတွေကို ဒကာ ဒကာမတွေက လာတိုင်း ရှုပေးပါ. . . (မှန်ပါ)၊ ဘာမှ မရှိရင် လေကို ထုတ်တဲ့ စိတ်ကလေးကိုလဲ. . . (ရှုရမှာပါ)၊ လေကို ပြန်ရှိုက်တဲ့ စိတ်ကလေးကိုလဲ. . . (ရှုရမှာပါ)။

## မေတ္တာစိတ်ပေါ်ရင်ဖြစ်ပျက်ရှု

အဲဒါကလေးတွေ ရှုနေပါ။ အဲဒါကလေးရှုရမှ ကြားထိုးပြီး လောဘပေါ်ပေါ် ဒေါသပေါ်ပေါ် မေတ္တာစိတ်ကလေးပေါ်ပေါ် မြင်စိတ်ကလေး ပေါ်ပေါ် ကြားစိတ်ကလေး ပေါ်ပေါ်- ပေါ်ချင်တာပေါ်ပါ၊ ဘာလုပ်ကြရမယ်. . . (ဖြစ်ပျက်ရှုရပါတယ်)။

ဒါကြောင့် ကိုယ့်သန္တာန်ပေါ်လာတဲ့ စိတ်တွေကိုဖြစ်ပျက်ရှုပြီးသကာလ နေကြလို့ရှိရင် သိပ်ပြီး အဖိုးတန်ပါတယ်. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီ)၊ ခင်ဗျားတို့ သန္တာန်မှာဖြစ်တဲ့ စိတ်တွေသည်ကားလို့ဆိုရင် သိပ်လည်း မများပါဘူး။ ခုနက ၄၅-ပါး ကျန်တာတောင် ရှုညဏ်စိတ် ၄-ခု နုတ်ပယ်လိုက်တော့

၄၁-ပါး ကျန်တာပဲ။ ဒါပဲ ရှုရမှာပဲ။ ဦးလှဖူးတို့ ဒကာကြွယ်တို့ သန္တာန်လှည့်ပေါ်တာပဲ. . . (မှန်ပါ)၊ လှည့်ပေါ်နေရင် သူ့ကို ဘာ လုပ်ကြမလဲ. . . (ဖြစ်ပျက်ရှုရပါတယ်)။

## ဘာ့ကြောင့်အရှုခိုင်းရပါလိမ့်

အဲ. . . ဖြစ်ပျက်ရှုလိုက်တဲ့အခါကျတော့ ဖြစ်ပျက်က ဘယ့်နှယ်ကြောင့် အရှုခိုင်းရပါလိမ့်မတုံးဆိုတော့၊ ဟုတ္ဝာ အဘာဝဌေန အနိစ္စဆိုတဲ့ အတိုင်းဖြစ်ပြီး ပျက်လို့ ဖြစ်ပျက်လို့ နာမည်ပေးထားတာ။ အနိစ္စာဝတသင်္ခါရဆိုတဲ့အတိုင်း သင်္ခါရက ဖြစ်တာ အနိစ္စက ပျက်တာ။ ဒီလိုပါဠိတော်တွေ ကြည့်ပြီးတော့ ဘုန်းကြီးများက ဖြစ်ပျက်သာရှု. . . (မှန်ပါ)။

အဲဒီ ဖြစ်ပျက်ရှုလိုက်တဲ့အခါကျတော့ ဘာများ ကျေးဇူး များသတုံး ဘုရားလို့ ဘုန်းကြီးကို ဒကာ ဒကာမတွေက အမေး ကြီးများ မေးလိုက်လို့ရှိရင် ဘုန်းကြီးများက အင်မတန် ဝမ်းသာ ပါတယ်. . . (မှန်ပါ)၊ ဩော်. . . ဒကာ ဒကာမတို့ ဖြစ်ပျက်ရှု ခိုင်းတာက တခြားမဟုတ်ဘူးနော်. . .။ ကိုယ့်အသေကိုယ် ကြည့်ခိုင်းတာ. . . (မှန်ပါ)။

## ကိုယ့်အသေ ကိုယ်ကြည့်ခိုင်းတာ

ဖြစ်ပျက်အရှုခိုင်းတာ ဘာပါလိမ့်. . . (ကိုယ့်အသေကိုယ်ကြည့်ခိုင်းတာပါဘုရား)၊ ကိုယ်အမြန်သေနေတဲ့ အသေကြီးကို အကြည့်ခိုင်းတာ. . . (မှန်ပါ)၊ ဒကာ ဒကာမတွေက ကိုယ်သေတာ ကိုယ်သိမှာ မဟုတ်။ ရှင်တုန်းက သေသေနေတာတွေ သိမှာ. . . (မှန်ပါ)၊ တကယ်သေတာကျတော့ ကိုယ်သေတာကို ကိုယ်တိုင်သိမှာ မဟုတ်ဘူး. . . (မှန်ပါ)၊ ကိုယ်ရှင်တုန်းကို သေနေတာတွေ သိမှ. . . (မှန်ပါ)။

ကိုင်း. . . လောဘစိတ်ကလေးနဲ့ အသက်ရှင်နေတယ် ဒကာသစ်က. . . (မှန်ပါ)၊ လောဘစိတ်ကလေးက ချုပ်သွားတာကို ဒကာသစ်က ကြည့်လိုက်တော့ ခုနက လောဘစိတ်နဲ့ ယှဉ်နေတဲ့ ဒကာသစ် တစ်ယောက်သည် မသေသေးဘူးလား. . . (သေပါပြီဘုရား)၊ လောဘစိတ်နဲ့ အသက်ရှင်နေတဲ့ ဒကာသစ် ဘာဖြစ်သွားသတုံး. . . (သေသွားပါတယ်ဘုရား)၊ ဖြစ်ပျက်ရှုလိုက်တော့ သေသွားမှန်းသိတော့ ဩော်. . . လောဘ စိတ်နဲ့ အသက်ရှင်နေတဲ့ ဒကာသစ် သေသွားပြီလို့သိတော့ ဒကာသစ် တစ်ယောက် သေတာပဲ. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒေါသဖြစ်နေတယ် ဒကာကြွယ်၊ ကိုယ့်ဒေါသကလေး ပြန်ပြီးသကာလ နောက် ဉာဏ်နဲ့ ရှုလိုက်တဲ့အချိန်မှာ ဉာဏ်နဲ့သာ အသက်ရှင်နေတယ်၊ ဒေါသစိတ်နဲ့ ဒကာကြွယ် တစ်ယောက်က သေပြန်ပြီ. . . (မှန်ပါ)။

ဒါ့ကြောင့်- အညံ ဥပ္ပဇ္ဇတေစိတ္တံ၊ အညံစိတ္တံနိရုဇ္ဈတိ. . .၊ အညံ-တစ်ပါးသော၊ စိတ္တံ-စိတ်သည်၊ ဥပ္ပဇ္ဇတေ-ဖြစ်၏။ အညံ-တစ်ပါးသော၊ စိတ္တံ-စိတ်သည်၊ နိရုဇ္ဈတိ-ချုပ်၏. . . (မှန်ပါ)၊ တစ်ခုသော စိတ်ချုပ်တယ်၊ နောက်တစ်ခုသော စိတ်ကဖြစ်တယ် တဲ့. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီ)။

## အပျက်ကို အဖြစ်နဲ့ကြည့်

တစ်ခုသောစိတ်က. . . (ချုပ်ပါတယ်)၊ တစ်ခုသောစိတ်က. . . (ဖြစ်ပါတယ်ဘုရား)၊အဲ. . . အပျက်ကိုအဖြစ်နဲ့ကြည့်. . . (မှန်ပါ)။

ဘယ်လိုမှတ်ကြမယ်. . . (အပျက်ကို အဖြစ်နဲ့ ကြည့်ရမှာပါဘုရား)၊ သေသေချာချာမှတ်ပါ။ ဒီတစ်လုံးဟာ မသေးပါဘူး. . . (မှန်ပါ)။

အပျက်ကို. . . (အဖြစ်နဲ့ကြည့်ပါ)၊ ဒါက ဘယ့်နှယ်ကြောင့် ဆရာဘုန်းကြီး ဒီမျှလောက် ဒီ ဒကာ ဒကာမတွေ မှာရပါလိမ့်မလဲ လို့ ဒကာသစ်က မေးလိမ့်မနော်. . . (မှန်ပါ)၊ အပျက်ကို အဖြစ်နဲ့ မကြည့်ဘူး ခင်ဗျားတို့က အပျက်သေပြီးတော့ အဖြစ်နဲ့ရှင်ပြီး သကာလ ပျော်နေလိုက်တာပဲနော် ခင်ဗျားတို့က ကြည့်ကို မကြည့်ဘူး. . . (မှန်ပါ)၊သဘောကျပလား. . . (ကျပါပြီ)။အပျက်ကတော့ ပျက်သွားပြီ၊ အဖြစ်နဲ့ ဘာလုပ်နေသတုံးဆိုတော့ အဖြစ်နဲ့ ပျော်နေတယ်ဆိုတော့ ဦးလှဖူး မနာလားဗျာ. . . (နာပါတယ်ဘုရား)။

## ကိုယ့်ဒုက္ခ ကိုယ်မြင်တာ

အခုတော့ ဆရာဘုန်းကြီးက ဘယ်လိုမှာသတုံးလို့ မေးတဲ့အခါ အပျက်ကို. . . (အဖြစ်နဲ့ရှုပါတယ်ဘုရား)၊ အဖြစ်ဉာဏ်နဲ့ ကြည့်ပေးပါ. . . (မှန်ပါ)၊ အပျက်ကို အဖြစ်ဉာဏ်နဲ့ ဉာဏ်ပေးလိုက်တဲ့အခါကျတော့ ဘာကိုမြင်ပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့ ကိုယ့်အနိစ္စ ကိုယ်မြင်တယ်. . . (မှန်ပါ)၊ ကိုယ့်ဒုက္ခကို. . . (ကိုယ်မြင်ပါတယ်ဘုရား)၊ ကိုယ့်အနတ္တကို. . . (ကိုယ်မြင်ပါတယ်ဘုရား)၊ ကိုယ့်ဒုက္ခသစ္စာ. . . (ကိုယ်မြင်ပါတယ်ဘုရား)၊ ဒီကျတော့မှ ဩော်. . . တို့ရှုနေတဲ့ ဝိပဿနာဉာဏ်ဆိုတာ သစ္စာအနုလောမိကဉာဏ်ဆိုတာ အဟုတ်သားပဲ. . .၊ ကိုယ့်ဒုက္ခ ကိုယ်မြင်တာပါကလား. . . (မှန်ပါ)၊

## မြင်တာကလောကီမဂ္ဂသစ္စာ

ဘယ်လိုပါလိမ့်. . . (ကိုယ့်ဒုက္ခကိုယ်မြင်တာပါဘုရား)၊ အဲ. . . ကိုယ့်ဒုက္ခက-ဒုက္ခသစ္စာ၊ ကိုယ်မြင်တာက လောကီမဂ္ဂသစ္စာ. . . (မှန်ပါ)၊ ဩော်. . . လောကီမဂ်တောင်ရပေ့ါ. . . (မှန်ပါ)၊ ဒကာသစ် လောကီမဂ်တောင် ရပေ့ါ။ လောကုတ္တရာမဂ်နီးပြီ. . . (မှန်ပါ)။

ခုနက ကိုယ်သေရင် တစ်ခုသောစိတ်က သေတယ်၊ တစ်ခုသောစိတ်က ပျော်တယ်ဆိုတော့ကောင်းသေးရဲ့လား. . .

(မကောင်းပါဘုရား)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် တစ်ခုသောစိတ် သေတာကို တစ်ခုသောစိတ်နဲ့ ကြည့်ပါ. . . (မှန်ပါ)၊ တို့ပြောတဲ့အခါကျတော့ အသေကို အရှင်နဲ့ကြည့်ပါ. . . (မှန်ပါ)၊ အဲဒီလိုကြည့်လိုက်တဲ့အခါကျတော့ ကိုယ့်အသေကိုယ်မြင်လာပါလိမ့်မယ်ဆိုတာ မထင်ရှားဘူးလား. . . (ထင်ရှားပါတယ်)။

ကိုယ့်အသေပေါင်းက ခန္ဓာကိုယ်ထဲမှာ ဘယ်လောက်သေနိုင်သတုံးဆိုတော့ စိတ်တစ်ခုနဲ့ အသက်ရှင်နေတာဖြစ်နေတော့ ခုနက ဒကာ ဒကာမတွေသိတဲ့ ၄၅-နဲ့ လှည့်ပြီး ရှင်နေတာ။ ၄၅-နဲ့ လှည့်ပြီး သေနေတာပဲ. . . (မှန်ပါ)၊ အဲဒီ ၄၅-တွေသေတာကို ကိုယ့်အသေကို နောက်အရှင်နဲ့ကြည့်. . . (မှန်ပါ)၊ နောက်အရှင်နဲ့ ကြည့်လိုက်တဲ့အခါကျတော့ ဩော်. . . ကိုယ့်ဒုက္ခ ကိုယ်သိပြီ. . . (မှန်ပါ)၊ စိတ်ပျက် လက်ပျက်ဖြစ်နေတဲ့ ဒုက္ခမျိုးဆိုတာ မဟုတ်ပါဘူး. . . (မှန်ပါ)၊ ဒကာကြွယ် တကယ်တော့ မသာလောင်း ရှာမတွေ့တဲ့ အသေဒုက္ခကို အကြည့်ခိုင်းတာပါ. . . (မှန်ပါ)၊မသာလောင်း ရှာတွေ့သေးရဲ့လား. . . (မတွေ့ပါဘုရား)၊ ဘယ်မှာတုံး၊ သဘာဝဓမ္မကလေးပျက်စီးတာ မသာလောင်း ဘယ်မှာရှာတွေ့ပါ့မတုံး. . . (မှန်ပါ)၊ မသာလောင်း ရှာတွေ့တဲ့ဒုက္ခဟာ ဒါလောက် မကြီးသေးပါဘူး. . . (မှန်ပါ)။

ဩော်. . . လူဆိုတာ သေတော့ သေရတာပဲ၊ ကျုပ်တို့က အလောင်းကလေး ရလိုက်သေးတယ်လို့ ပြောနိုင်သေးတယ်

မဟုတ်ဘူးလား. . . (မှန်ပါ)၊ အခုဟာက အလောင်းမရတဲ့ အသေကို အကြည့်ခိုင်းတာ. . . (မှန်ပါ)။

## ဒုက္ခချုပ်သွားတယ်

ဘာအကြည့်ခိုင်းတာပါလိမ့်. . . (အလောင်းမရတဲ့ အသေကို ကြည့်ခိုင်းတာပါဘုရား)၊ အလောင်းမရတဲ့ အသေကြည့်ခိုင်းတဲ့အခါကျတော့ ဒီထက်ကြီးတဲ့ဒုက္ခ ရှိသေးရဲ့လား. . . (မရှိပါဘုရား)၊ အဲဒီကဲ့သို့ ဒုက္ခတွေမြင်ပြီးသကာလ ဖြစ်ပျက်မြင်ပြီး ဖြစ်ပျက်မုန်းပြီး ဒုက္ခတွေချည်းပဲ၊ ဩော်. . . အလောင်းမရတဲ့ ဒုက္ခကြီးပါကလား။ အလောင်းမရတဲ့ ဒုက္ခကြီးပါကလားလို့. . . ကိုယ့်ဒုက္ခ ကိုယ့်ဉာဏ်စိုက်ကြည့်ပါ. . . (မှန်ပါ)၊ ကြည့်လိုက်တဲ့ အခါကျတော့ ဒုက္ခအစစ်ဆိုတာ ဒါကိုးလို့ ပိုင်နိုင်တဲ့အခါကျတော့ ဖျတ်ဆို ဒုက္ခချုပ်သွားတယ်. . . (မှန်ပါ)၊ ဒုက္ခချုပ်သွားတဲ့ အခါကျလို့ရှိရင် မဂ္ဂင်ကရှစ်ပါး သွားပြည့်ပြီ. . . (မှန်ပါ)။

## မဂ္ဂင်ရှစ်ပါး ပြည့်သွားပြီ

ရှုတဲ့မဂ္ဂင်က. . . (ရှစ်ပါးပြည့်ပါတယ်)၊ ဒုက္ခချုပ်မှ ဒုက္ခချုပ်ရာမြင်မှ ပြည့်တာနော်. . . (မှန်ပါ)၊ ဒုက္ခချုပ်တော့ သမုဒယကြီးက သေလို့ နိရောဓကြီးက ဘွားခနဲပေါ်တာပေါ့ဗျာ. . . (မှန်ပါ)၊ ပေါ်ဆို ဒုက္ခချုပ်တဲ့သဘောကလေး မြင်လာတာပဲ. . . (မှန်ပါ)၊

ဒုက္ခချုပ်တဲ့သဘောကလေးဟာ နိဗ္ဗာန်ပါပဲ ဒကာ ဒကာမ တို့. . . (မှန်ပါ)။

## အပါယ်တံခါးလုံးလုံးပိတ်တယ်

အဲဒီ နိဗ္ဗာန်မြင်တဲ့ လောကုတ္တရာ မင်္ဂလာရပြီဆိုမှဖြင့် ဒကာ ဒကာမတို့ မင်္ဂကလည်း တစ်ကြိမ်ပဲ ပေါ်တယ်. . . (မှန်ပါ)၊ တစ်ကြိမ်တည်းပေါ်ပြီး သူ့အကျိုးကတော့ ကျန်နေရစ်တာပဲ. . . (မှန်ပါ)၊ မင်္ဂကတော့ ချုပ်သွားတာပဲ။ သူ လုပ်ထားတဲ့ အပါယ် လေးပါးတံ ခါးပိတ်တာတော့ ဘယ်တော့မှ ဖွင့်လို့မရတော့ ဘူး. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီဘုရား)၊ မလား အပ်တဲ့ ခြောက်ဌာနတွေကော. . . (မရောက်တော့ပါဘုရား)၊ ဘယ်တော့မှ မဖြစ်တော့ဘူး၊ အဲဒါလည်း သူလုပ်တာပဲ. . . (မှန်ပါ)။

ချုပ်တော့ချုပ်သွားတာပဲ သူက။ချုပ်ပင်ချုပ်ငြားသော်လည်း အပါယ်တံခါးပိတ်တာ ဘယ်တော့ ပွင့်သေးသတုံး. . . (မပွင့်ပါ ဘုရား)၊ ဆဋ္ဌာဘိဌာနာ နိအဘဗ္ဗကာတုံဆိုတဲ့ခြောက်ဌာနတွေ ကော ဖြစ်သေးရဲ့လား. . . (မဖြစ်ပါဘူး)၊ ဒါ ဘယ်သူလုပ်ထား ခဲ့တာပါလိမ့်. . . (မင်္ဂလုပ်ထားခဲ့တာပါ ဘုရား)။

ဒါ့ကြောင့် အကုပ္ပါစေတောဝိမုတ္တိ၊ ဘယ်တော့မှ မပျက် တာ သူပဲ. . . (မှန်ပါ)၊ ဒါကြောင့် အနှစ်ဆိုတာ သူပါပဲ. . . (မှန်ပါ)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

## ရှုပုံရှုနည်းရှင်းပြမယ်

ဒါဖြင့် ရှုပုံရှုနည်းနဲ့တကွ ဆရာဘုန်းကြီးက ဒကာကြွယ် ရှင်းပြမယ်၊ ရှင်းပြတော့ ပထမကိုယ့်ဒုက္ခ ကိုယ်မြင်အောင်ကြည့်၊ နောက်ကျတော့ ဒီဒုက္ခညာဏ်ရင့်လာရင် မုန်းပါလိမ့်မယ်. . . (မှန်ပါ)၊ နောက်ညာဏ်ပိုရင့်လာပြန်ရင် ဒီဒုက္ခကို မလိုချင်ပါဘူး. . . (မှန်ပါ)၊ မလိုချင်ရင် ဒုက္ခတွေ ဘာဖြစ်မယ် ထင်သတုံး. . . (ဆုံးသွားပါတယ်)၊ ဆုံးသွားလိမ့်မယ်-ချုပ်သွားလိမ့်မယ်ဆိုတော့ ဒုက္ခနိရောဓော နိဗ္ဗာနံပဲ. . . (မှန်ပါ)၊ ခန္ဓာနိရောဓော. . . (နိဗ္ဗာနံပါဘုရား)၊ကိုယ်ခန္ဓာကို ချုပ်သွားပြီ။သဘောပါသလား. . . (ပါပါပြီဘုရား)၊ ဒါဖြင့် ခန္ဓာနိရောဓော နိဗ္ဗာနံဆိုတာ ကျေနပ်ပလား. . . (ကျေနပ်ပါပြီဘုရား)။

## ခန္ဓာချုပ်တာက နိဗ္ဗာန်

ဒါဖြင့် ခန္ဓာချုပ်တာက နိဗ္ဗာန်၊ ချုပ်မှန်းသိတာက. . . (မဂ်ညာဏ်ပါဘုရား)၊ အဲဒီမဂ်ရတော့မှ ခုနက တောထဲမှာ ဓားကိုင်ပြီးသကာလ အနှစ်ရှာလာတဲ့ ပုဂ္ဂိုလ်ဟာ ဒကာ ဒကာမတို့ ဘာထမ်းပြန်သွားတာနဲ့တူပါလိမ့်. . . (အနှစ်ထမ်းပြန်သွားတာနဲ့တူပါတယ်ဘုရား)၊ ဒါဖြင့် လိုရာကိစ္စပြီးပြီ. . . (မှန်ပါ)။

လိုရာကိစ္စဆိုတာ တခြားလား မှတ်နေတယ် ဒကာ ဒကာမတို့၊ အပါယ်က တက်လာတုန်းက အပါယ်ဇာတိဖြင့် မယူ

တော့ပါဘူး. . . (မှန်ပါ)၊ အပါယ်ဇရာဖြင့်. . . (မယူတော့ပါဘူး)၊ အပါယ်ဗျာဓိ မရဏတွေဖြင့်. . . (မယူတော့ပါဘူး)၊ အနှစ်ပဲ လူ့ပြည်သွားပြီး ယူပါတော့မယ်ဆိုပြီး သကာလလာလိုက် တာ အနှစ်တကယ်ရသွားတော့ မျက်စိအမြင်ရှိတဲ့ ပုဂ္ဂိုလ်တွေက အနှစ်ရှာဖို့လာတာ အနှစ်ထမ်းပြန်သွားသောကြောင့် အနှစ်သိတဲ့လူပဲလို့ ချီးမွမ်းရတယ်. . . (မှန်ပါ)၊ မချီးမွမ်းထိုက်ဘူးလား. . . (ချီးမွမ်းထိုက်ပါတယ်ဘုရား)။

## မင်္ဂလာရှိမှ တင်းတိမ်ပါ

အရှာလာတုန်းကလည်း ဘယ့်နှယ်တုံး. . . (အနှစ်ရှာလာတာပါ)၊တွေ့တော့လည်း ဘာတွေ့တုံး. . . (အနှစ်တွေ့ပါတယ်)။

ဒါဖြင့် သူဟာ ရောင်းရေးဝယ်ရေး စီးပွားရေးကလေး ဟန်ကျလာရုံနဲ့လဲ တင်းတိမ်မည့်သူ မဟုတ်ဘူး. . . (မှန်ပါ)၊ သီလကလေးပြည့်စုံရုံနဲ့လဲ. . . (မတင်းတိမ်ပါဘုရား)၊ သမထကလေးနဲ့လဲ. . . (တင်းတိမ်မည့်သူမဟုတ်ပါဘုရား)။အဘိညာဉ်နဲ့လဲ. . . (တင်းတိမ်မည့်သူ မဟုတ်ပါဘုရား)၊ မဂ်နဲ့မှ သူက ဘာလုပ်သွားသတုံး. . . (တင်းတိမ်ပါတယ်ဘုရား)၊ မဂ်နဲ့ မှ တင်းတိမ်တယ်ဆိုတော့ မပျက်နိုင်တာကြီးနဲ့မှ တင်းတိမ်သွားတာ မသေချာဘူးလား. . . (သေချာပါတယ်)။

## သစ္စာဆိုက်မှ အနှစ်ရတယ်

အေး. . . အဲဒီလို သိလိုက်တဲ့အခါမှာ ဩော်. . . တို့ မပျက်တာရမှ ကိစ္စပြီးမှာပါကလား. . . (မှန်ပါ)၊ အဲဒီတော့ မပျက်တာကိုလည်း ခုနက ဉာဏ်သုံးဉာဏ်နဲ့ တက်လိုက်ရင်ရပါတယ်. . . (မှန်ပါ)၊ ဖြစ်ပျက်သည် ဒုက္ခသစ္စာ၊ မြင်တာသည်. . . (မဂ္ဂသစ္စာပါ)၊ နောက် အပါယ်သွားကြောင်း တရားတွေ ချုပ်တာက. . . (သမုဒယသေတာပါ)၊ ဖြစ်ပျက်ဆုံးတာက. . . (နိရောဓသစ္စာပါ)၊ နိရောဓသစ္စာဆိုတော့ အဲဒီသစ္စာ ဆိုက်မှ ဒကာကြွယ် အနှစ်ရတယ်. . . (မှန်ပါ)၊ မဂ်ဉာဏ်အနှစ်ကို ရပါတယ်. . . (မှန်ပါ)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ကိုင်း - ယနေ့ ဒီတွင် တော်ကြစို့. . . ။

သာဓု. . . သာဓု. . . သာဓု. . . ။